# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၂)၊ အမှတ်(၃၉)




## ကလောမြို့နယ် ကုန်းမြင့်(၂)ယာစပါးစံပြစိုက်ကွက် ကောက်ရိတ်သိမ်းပွဲကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးတောင်သူများအားရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး

ရန်ကုန် နိုဝင်ဘာ ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သက်ဦးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ နိုဝင်ဘာ၃ရက် နံနက်ပိုင်းက ကလောမြို့နယ် ကျောက်ဆောင်မြေကြားကျေးရွာရှိ ကုန်းမြင့်(၂) ယာစပါးစံပြစိုက်ကွက် ကောက်ရိတ်သိမ်းပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။ စာမျက်နှာ ၁၂ ကော်လံ ၁ ❐

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ရန်ကုန်တိုင်းခရမ်းမြို့နယ်တွင်ခရမ်းရေထိန်းတံခါးတည်ဆောက် လယ်မြေဧကသုံးသောင်းအကျိုးပြုရေပေးဝေနိုင်မည်

ကွင်းဆင်းလေ့လာရေးသားသူ–ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေးဦးတည်ချက် (၄)ရပ်အနက် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးကို ဦးတည်ချက်တစ်ရပ်ချမှတ်လျက်ရှိပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ ရေသယံဇာတ၊ မြေသယံဇာတများကို ဖော်ထုတ်အသုံးပြုရန် စဉ်ဆက်မပြတ် စူးစမ်းလေ့လာခဲ့သည်။**

မြန်မာနိုင်ငံတွင် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် မိုးတွင်းကာလတွင် ရေကြီးနစ်မြုပ်မှုများ ရှိသောကြောင့် စိုက်ဧကများရေနစ်ဆုံးပါးမှုများ ဖြစ်ပေါ်ခြင်းကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ ရေထိန်းတံခါးများ တည်ဆောက်၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်း ခရမ်း၊ သုံးခွနှင့်သန်လျင်မြို့နယ်များတွင် မိုးတွင်းကာလလယ်မြေများ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်ရန်နှင့် နွေရာသီ၌ စာမျက်နှာ ၈ ကော်လံ ၁ ✡

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၆)မှ တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ခရမ်းရေထိန်းတံခါး ဆောက်လုပ်မှု မြင်ကွင်းကို နိုဝင်ဘာ ၅ ရက်က ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း- သိန်းဝင်းလေး (မြန်မာ့အလင်း)

ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး (၆)မှ သန်လျင်မြို့နယ် ချောင်းဝရွာ ဟောင်းအနီးတွင် တည်ဆောက်လျက်ရှိသည့် ခရမ်းရေထိန်းတံခါးအား စက်ယန္တရားနှင့် လူအင်အားများဖြင့် နိုဝင်ဘာ ၅ ရက်ကဤသို့အင်တိုက်အားတိုက် ဆောင်ရွက်နေကြသည်။ ဓာတ်ပုံမှတ်တမ်း– သိန်းဝင်းလေး (မြန်မာ့အလင်း)




**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

8-11 (01).p65 1 3/24/05, 6:30 PM

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

# အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် ရပ်တည်နိုင်ရန်ကြိုးပမ်း တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်နေသည့် တစ်ချိန်တည်းတွင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာစေရန်အတွက်လည်း စနစ်တကျ အကောင်အထည်ဖော်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံတွင် မြန်မာ့သမိုင်းအစဉ်အလာ၊ မြန်မာ့ယဉ်ကျေးမှု စရိုက်လက္ခဏာ၊ မြန်မာ့စံထားမှုတို့နှင့် ဆီလျော်ကိုက်ညီသည့် တရားမျှတညီညွတ်သော၊ အလားအလာကောင်းများ ပြည့်ဝနေသော အမျိုးသားရေး လမ်းကြောင်းမှန်ပေါ်၌ စတင်လျှောက်လှမ်းနေပြီ ဖြစ်သည်။

အခိုင်အမာ ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သည့် အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် ခိုင်ခိုင်မြဲမြဲ ဆက်လက် လျှောက်လှမ်းသွားနိုင်စေရန် အာမခံနိုင်မည့် နိုင်ငံတော်ရေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တစ်ဆင့်ချင်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကချင်ပြည်နယ် အထူးဒေသ(၁)မှ တိုင်းရင်းသားခေါင်းဆောင် ဦးစခုန်တိန့်ယိန်းနှင့် အဖွဲ့ဝင်များအား နိုဝင်ဘာလ ၆ရက်နေ့က ရန်ကုန်တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာ၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က–

**“နိုင်ငံတော်ရေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် တစ်ဦးတစ်ယောက်၏ မူဝါဒ လမ်းစဉ် မဟုတ်ဘဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချမှတ်ထားသော နိုင်ငံတော်၏ မူဝါဒလမ်းစဉ်သာဖြစ်ကြောင်း၊သို့ဖြစ်၍ နိုင်ငံတော်အပိုင်းက နိုင်ငံတော်ရေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်သည်အထိ မဖြစ်မနေ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း”**

ပြောကြားသွားသည်။

အနာဂတ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရေးအတွက် ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြီးဆုံးသည်အထိ နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ တိုင်းရင်းသားပြည်သူများအားလုံးကလည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပါဝင်ဆောင်ရွက်ကြရန်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ပေါ်ထွန်းလာရေးတွင် နိုင်ငံတော်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းတို့ကိုလည်း ဟန်ချက်ညီညီ ပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ နိုင်ငံတော် အစိုးရက ယခင် အစဉ်အလာကောင်းများနှင့်အညီ အရှိန်အဟုန်မပျက် ဆက်လက်ကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိသည်။

ဥပဒေဘောင်အတွင်း ရောက်ရှိနေသော တိုင်းရင်းသားအဖွဲ့အစည်းများကလည်း တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးပွားခိုင်မြဲစေရေးနှင့် ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲစေရေးတို့ကို အခြေခံသည့် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒများနှင့်အညီ ဆက်လက်လက်တွဲ ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ရေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်လည်းဖြစ်ပြီး အရေးအကြီးဆုံး ကဏ္ဍလည်းဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်ပြီး နိုင်ငံတော်၏ အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်စေရန် တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အရှိန်အဟုန်မပျက် ဆက်လက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၈-၁၁-၂၀၀၄ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် World Population Growth and Demographic Transition (ဒုတိယနှစ်၊ ပထဝီဝင်အထူးပြု)
၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မင်္ဂဇင်းကဏ္ဍ
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရေသူမလေးရဲ့အချစ်”** (အပိုင်း–၁၅)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မေးမြန်းစူးစမ်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သိန်းငှက်သူရဲကောင်း”** (အပိုင်း–၁၈)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၇မိုင်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၆)နေ ကွယ်လွန်သူ **မိဘနှစ်ပါးဖြစ်ကြသော ဦးအောင်မြင့်– ဒေါ်ခင်ဆွေတို့အား ရည်စူး၍ ဦးသောင်းညွန့် (S.T.Bမန်နေဂျာ) ငြိမ်းနှင့် ဒေါ်ကြည်ကြည်ဝင်း (ဆရာမT.T.C)ငြိမ်း၊ မောင်နှမ တစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံ သစ်ကြီး တည်ဆောက်ရန်အတွက် ကျပ်ငွေ သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေး အဖွဲ့ဝင် ဦးတင်မောင်ဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

# နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ပျော်ပွဲ ရွှင်ပွဲ ကျင်းပရေး စည်းဝေး

ရန်ကုန် နိုဝင်ဘာ ၇

**နှစ်စဉ်ကျင်းပမြဲဖြစ်သော (၄၃)ကြိမ်မြောက် နှင်းဆီကုန်းဘိုးဘွားရိပ်သာ ပျော်ပွဲရွှင်ပွဲ နိဗ္ဗာန်ဈေးပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၄ ရက်က ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်က အမှာစကား ပြောကြားပြီး ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင်က ပျော်ပွဲရွှင်ပွဲ နိဗ္ဗာန်ဈေးပွဲတော်ကို နှစ်စဉ်ကဲ့သို့ စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့မြို့နယ် အတွင်းရှိ အဖွဲ့အစည်းများက အသီးသီးတာဝန်ခွဲဝေ၍ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး၊ ပျော်ပွဲရွှင်ပွဲကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူး အောင်သန်း (ငြိမ်း)က ယခင်နှစ်ကျင်းပခဲ့သည့် ပျော်ပွဲရွှင်ပွဲအခြေအနေနှင့် ယခုနှစ်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

(၄၃)ကြိမ်မြောက် နှင်းဆီကုန်းဘိုးဘွားရိပ်သာ ပျော်ပွဲရွှင်ပွဲကို ဒီဇင်ဘာ ၄ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ပြီး တေးသံရှင် ဒေါ်ရီရီသန့်နှင့်အဖွဲ့ ဖျော်ဖြေပွဲ၊ ကလေးများ ပျော်ရွှင်စရာ ခြားရဟတ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အငြိမ့်တို့ဖြင့် ဖျော်ဖြေတင်ဆက်မည်။ နိဗ္ဗာန်ဈေးပွဲတော်တွင် ရန်ကုန်မြို့ပေါ်ရှိ ရုံးဌာနအဖွဲ့အစည်းများ၊ ပညာရေးဌာနလက်အောက်ရှိ တက္ကသိုလ်ကောလိပ်များ၊ အထက်တန်း၊ အလယ်တန်းကျောင်းများ၊ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိက စေတနာရှင်များက ဆိုင်ခန်းပေါင်း ၈၀ ကျော်ဖွင့်လှစ်၍ စားသောက်ဖွယ်ရာမျိုးစုံနှင့် လူသုံးကုန်ပစ္စည်း၊ အဝတ်အထည်၊ လက်ဆောင်ပစ္စည်းများ စသည်တို့ကို ညနေ ၃နာရီမှ စတင်ရောင်းချမည်ဖြစ်ပြီး ဘိုးဘွားရိပ်သာရန်ပုံငွေအတွက် လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ရမ်းဗြဲမြို့နယ် လေးတောင်နယ်အသင်း (၂၅)ကြိမ်မြောက်ဘုံကထိန်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၇**

ရမ်းဗြဲမြို့နယ် လေးတောင်နယ်အသင်း(ရန်ကုန်)မှ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၅)ကြိမ်မြောက်ဘုံကထိန်၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ရက် (နိုဝင်ဘာ၂၀ရက်) (စနေနေ့)တွင် ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်လမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသား၊ အသင်းသူများ ဆက်သွယ်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။**(က–ပ)**

**အမှတ် ၃၉ (ပထမထပ်) အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးသောင်းဆိုင်–ဒေါ်ယဉ်ယဉ်(ခ) ဒေါ်စန်းရီ၊ သမီး ဒေါ်အေးအေးသော်မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေ ပဒေသာပင်အလှူငွေကျပ် တစ်သိန်းကို အောက်တိုဘာ ၁၄ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘညဏ်(ငြိမ်း)က လက်ခံ ယူစဉ်။** (က–ပ)





# အုပ်ချုပ်ရေးယန္တရား ကျစ်လျစ်ခိုင်မာ ထက်မြက်စွာလည်ပတ်နိုင်ရေး စွမ်းဆောင်ရည်ပြည့်ဝသော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားအားထုတ် နိုင်ငံတော်ကအားထားရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဖြစ်အောင်ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၇

**ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မိသားစုနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်း ခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေနှင့်ဇနီး၊ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ရဲမှူးချုပ်များ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) မှ အကြံပေးပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ တိုင်းအုပ်ချုပ်ရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပညာရည်ထူးချွန်ဆုနှင့် အားကစားထူးချွန်ဆုရရှိကြသူများ၊ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကား ပြောကြားရာ၌ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနကို ဖွဲ့စည်းခဲ့ရာတွင် ၁၉၈၈ ခုနှစ် နိုဝင်ဘာ ၇ ရက်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအဖြစ် သတ်သတ်မှတ်မှတ် ပြန်လည်ဖွဲ့စည်းခဲ့ရာ ယင်းနေ့ကို မိသားစုနေ့အဖြစ် သတ်မှတ်ပြီး ၂၀၀၃ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ ဤသို့ ကျင်းပပေးခြင်းဖြင့် ဝန်ထမ်းများ၊ မိသားစုဝင်များအနေဖြင့် ဌာနအပေါ် ဂုဏ်ယူသောစိတ်ဓာတ်ဖြင့် နိုင်ငံတော်နှင့် ဝန်ကြီးဌာနက ပေးအပ်သော တာဝန်များကို တက်ညီလက်ညီ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မှာ ဖြစ်ကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

ယနေ့နိုင်ငံတော်သည် ဒို့တာဝန် အရေးသုံးပါးကို အမျိုးသားရေးဝါဒ အဖြစ်ခံယူ၍ ရည်မှန်းချက်ပန်းတိုင် ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်ကို ချမှတ် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အမျိုးသား ညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား၌ အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်နေသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ပေးအပ်သော လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး နိုင်ငံတော် အုပ်ချုပ်ရေးယန္တရား ကျစ်လျစ်ခိုင်မာထက်မြက်စွာ လည်ပတ်နိုင်ရေးအတွက် စွမ်းဆောင်ရည် ပြည့်ဝသော၊ အရည်အချင်း မြင့်မားသော အုပ်ချုပ်ရေးသမား ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစား အားထုတ်ကြစေရေး၊ ဝန်ထမ်းတစ်ဦးချင်း၊ မိသားစုဝင်တစ်ဦးချင်း မွန်မြတ်သည့် မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ် ပြည့်ဝစွာဖြင့် နိုင်ငံတော်က အားထားရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကြီးဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်ကြရေးတို့ကို ဆက်စပ်ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက ပညာရည်ထူးချွန်ဆုရရှိသူ ရှစ်ဦးနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေက အားကစားထူးချွန်ဆုနှင့် သင်တန်းထူးချွန်ဆုရရှိသူ ဝန်ထမ်းနှင့် မိသားစုဝင် ကိုးဦးတို့အား ဆုများ အသီးသီးချီးမြှင့်ကြသည်။

ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုက ၂၀၀၄ ခုနှစ်အတွင်း ပြန်တမ်းဝင်အရာရှိအဖြစ် အတည်ပြုခန့်အပ်ခြင်းခံရသူ အရာရှိ ၁၄ ဦး တို့အား ခန့်အပ်လွှာများပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် သုံးထပ်အမျိုးသမီးယောဂီဆောင်ရေစက်ချလှူဒါန်းမည်

**ရန်ကုန် နိုဝင်ဘာ ၇**

ပဲခူးတိုင်း(ဆယ်မိုင်ကုန်း)ပဏ္ဍိတာ ရာမတောစခန်းရိပ်သာတွင် (၁၁)ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် သုံးထပ်အမျိုးသမီးယောဂီဆောင် ရေစက်ချလှူဒါန်းပွဲကို (၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက်)နိုဝင်ဘာ ၂၀ ရက်(စနေနေ့) နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

ထို့အတူ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ၈၀/က သံလွင်လမ်း ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင်(၁၅)ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် သုံးထပ်ပြည်ပအမျိုးသားယောဂီဆောင် ရေစက်ချလှူဒါန်းပွဲကို(၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်) နိုဝင်ဘာ ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ ကုသိုလ်ပါဝင်လိုသူများသည် သင်္ကန်းဒွိစုံ တစ်စုံလျှင် ကျပ် ၂၀၀၀ နှုန်းနှင့် ဆွမ်းအလှူတစ်ပါးလျှင် ကျပ် ၅၀၀ နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## သီတဂူဆရာတော်ဓမ္မသဘင်

**ရန်ကုန် နိုဝင်ဘာ ၇**

သဃ်န်းကျွန်း သုဝဏ္ဏ (၂၉)ရပ်ကွက် ကောက်လျှင်လမ်းတွင် နိုဝင်ဘာ ၁၅ ရက် ည ၇ နာရီ၌ စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်၏ဂုဏ်ထူးဆောင် ပါမောက္ခ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် အရှင်ဉာဏိဿရ (D.Litt) အရှင်သူမြတ်က တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

## (၃၃)ကြိမ်မြောက် ဘုံကထိန်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၇**

မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းရပ်ကွက် ဝေနေယျသုခ ကျောင်းတိုက် (၃၃) ကြိမ်မြောက် စုပေါင်းဘုံကထိန်ပွဲကို နိုဝင်ဘာ၂၁ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ပဓာနနာယက သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တ နန္ဒသာရ (မြို့နယ်သြဝါဒစရိယ မယ်လမုဘုရားသြဝါဒစရိယ) အမှူးပြုသော ပင့်သံဃာအပါး ၇၀ တို့အား သင်္ကန်း စသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ် လှူဒါန်းလိုသူ တပည့် ဒါယကာ ဒါယိကာမများ လာရောက်ဆက်သွယ် လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

## မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ပညာရှင်အဆင့် ရက်တိုသင်တန်းဖွင့်လှစ်မည်

**ရန်ကုန် နိုဝင်ဘာ ၇**

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ Practical Aspects of Gold Exploration and Extraction in Myanmar ခေါင်းစဉ်ဖြင့် ပညာရှင်အဆင့် ငါးရက်ကြာ ရက်တိုသင်တန်းကို နိုဝင်ဘာ ၁၁ ရက်မှ စတင် ဖွင့်လှစ်မည်ဖြစ်ပြီး ဘူမိဗေဒဂုဏ်ထူးတန်းဘွဲ့နှင့် D.A.G ဘွဲ့ရသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။ အသေးစိတ်ကို အသင်းရုံး (M.O.G.E အဆောက်အအုံ မင်းရဲကျော်စွာလမ်း)၌ နိုဝင်ဘာ ၉၊ ၁၀ ရက်များတွင် စုံစမ်း၍ လျှောက်လွှာများ တင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အထက(၁)လမ်းမတော် ကျောင်းသားဟောင်းများ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၇**

၁၉၆၈-၁၉၈၄ခုနှစ်တွင် ပညာသင် ကြားခဲ့ကြသော အထက(၁) လမ်းမတော်(စိန်ဂွန်း) ကျောင်းသားဟောင်းများ ကြီးကြပ်၍ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင်ကျင်းပမည်ဖြစ်သည်။ ရပ်နီးရပ်ဝေးမှ ကျောင်းသားဟောင်းများသည် မြတ်ဆရာပူဇော်ပွဲကျင်းပရေးအဖွဲ့ ကိုမျိုးသိမ်း ဖုန်း-၂၁၀၆၇၄၊ ကိုဟံဝင်း ဖုန်း-၀၉ ၅၀-၁၃၁၈၉၊ ကိုသက်ဌေး ဖုန်း-၀၉ ၅၀၀-၆၆၅၂၊ ကိုဝင်းကို ဖုန်း-၇၀၁၁၅၇၊ ကိုအောင်နိုင် ဖုန်း-၅၂၄၃၅၄၊ ကိုညိုထွန်း ဖုန်း-၅၈၀၉၃၇၊ Ex-၃၀၉၊ ကိုဉာဏ်ထွဋ် ဖုန်း-၀၉ ၅၀-၁၃၈၃၇၊ ကိုမင်းသွင်ညွန့် ဖုန်း-၀၉ ၅၀၀-၆၉၉၀၊ ကိုမြင့်စိုး ဖုန်း-၀၉ ၉၉-၂၅၁၀၅၊ ကိုခင်စိန် ဖုန်း-၂၂၄၀၃၀၊ ကိုကျော်ဌေး ဖုန်း-၀၉ ၅၀၀-၆၄၆၈၊ ကိုဝင်းကြည် ဖုန်း-၂၅၀၂၄၇၊ ကိုမင်းသိမ်း ဖုန်း-၀၉ ၉၉-၂၂၈၇၂၊ ကိုထွန်းမြတ် ဖုန်း-၂၂၁၉၆၆၊ ကိုမင်းဇော် ဖုန်း-၀၉ ၈၀-၃၂၂၈၇နှင့် ကိုကြည်လွင် ဖုန်း-၀၉ ၈၀-၃၃၀၅၂ တို့သို့ ကြိုတင်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၈-၁၁-၂၀၀၄**
**(တနင်္လာနေ့)**
**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၅ | ၅။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၈:၁၀ | ၆။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၈:၂၀ | ၇။ | ဗိုက္ကရဲ့ရေထိန်းတံခါး |
| ၈:၃၀ | ၈။ | International News |
| ၈:၄၅ | ၉။ | Grammar made Easy |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | Practice in Reading |
| ၁၆:၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇:၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ) |
| ၁၇:၁၅ | ၆။ | အကပဒေသာ |
| ၁၇:၃၀ | ၇။ | လက်ဆင့်ကမ်းပေးဂီတတေး |
| ၁၇:၄၀ | ၈။ | မြန်မာ့ရိုးရာတောလေ့ကျေးလက်တေးသံ |
| ၁၇:၅၅ | ၉။ | တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း) |
| ၁၈:၀၅ | ၁၀။ | Discovery |
| ၁၈:၁၅ | ၁၁။ | နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း-၃၉) |
| ၁၈:၃၀ | ၁၂။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၁၄။ | တေးဂီတအစီအစဉ် |
| ၁၉:၂၀ | ၁၅။ | စက်မှုစွမ်းအား ပြည်ထွန်းကား |
| ၁၉:၃၀ | ၁၆။ | တေးဂီတအစီအစဉ် |
| ၂၀:၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း-၁၀) |




## နီပေါသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၇**

မြန်မာ-နီပေါနှစ်နိုင်ငံ သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်လေ့လာရေး အစီအစဉ်အရ ရန်ကုန်မြို့တွင် လေ့လာရေးခရီးရောက်ရှိနေသော နီပေါနိုင်ငံသတင်းစာဆရာများအသင်း ဥက္ကဋ္ဌ မစ္စတာမန်ဂျူးရတနစကြာ ခေါင်းဆောင်သော အဖွဲ့ဝင် ခြောက်ဦးပါ နီပေါ သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၆ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# အင်ဒိုနီးရှားသမ္မတ တရုတ်အထူးသံတမန်အားလက်ခံ တွေ့ဆုံ

## နှစ်နိုင်ငံ အနာဂတ်ခိုင်မာစေရေး ဆွေးနွေး

ဂျကာတာ နိုဝင်ဘာ ၆

**အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်းဘန်းယူဒိုယိုနိုသည် တရုတ်အစိုးရ၏အထူးသံတမန်တန်ကြားရှင်အား သောကြာနေ့က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာရှိ သမ္မတနန်းတော်၌ လက်ခံတွေ့ဆုံခဲ့သည်။**



**အင်ဒိုနီးရှားသမ္မတဆူဆီလိုဘန်းဘန်းယူဒိုယိုနို(ဝဲ)က တရုတ်နိုင်ငံတော်ကောင်စီဝင် တန်ကြားရှင်အား ဂျကာတာမြို့ရှိ သမ္မတနန်းတော်၌ နိုဝင်ဘာ ၅ ရက်က တွေ့ဆုံနှုတ်ဆက်စဉ်။** (ဓာတ်ပုံ–အင်တာနက်)

တရုတ်ကောင်စီဝင်တစ်ဦးလည်းဖြစ်သူ တရုတ်ခေါင်းဆောင်များကိုယ်စားလာရောက်သည့် တန်ကြားရှင်သည် အင်ဒိုနီးရှားသမ္မတအဖြစ် ခြောက်ဦးမြောက်ဖြစ်လာသည့် ဆူဆီလိုအား နွေးထွေးစွာ ဂုဏ်ယူဝမ်းမြောက်စကားပြောကြားသည်။

**ဆွေးနွေး**

ယင်းတို့နှစ်ဦးသည် အာရှနှစ်နိုင်ငံအကြား အနာဂတ်ခိုင်မာတောင့်တင်းကျစ်လျစ်လာစေရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

**တွေ့ဆုံ**

တရုတ်အထူးသံတမန်သည် အင်ဒိုနီးရှား ဒုတိယသမ္မတ ဂျူဆုဖ်ကာလီယာ၊ နိုင်ငံရေး၊ တရားရေးနှင့် လုံခြုံရေးညှိနှိုင်းရေး ဝန်ကြီးဝီဒိုဒိုအေအက်စ်နှင့် နိုင်ငံခြားရေးဝန်ကြီးဟတ်ဆန်ဝီရာယုဒါတို့အား ယင်းနေ့တစ်နေ့တည်းပင် သီးခြားစီတွေ့ဆုံရန် စီစဉ်ခဲ့ကြောင်းသိရသည်။

**ရောက်ရှိ**

တန်သည် ကြာသပတေးနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# နိုင်ငံတကာ သတင်းများ

## ကူမင်း–ဟန္တိုင်း မီးရထားလမ်းဖောက်လုပ်ရန် ယွမ်သန်းပေါင်းများစွာ တရုတ်သုံးစွဲမည်

ကူမင်း နိုဝင်ဘာ ၆

**ကူမင်း–ဟန္တိုင်းမီးရထားလမ်းကို စွန့်ပစ်ထားတော့မည်မဟုတ်ကြောင်း၊ ကူမင်းနှင့် စင်ကာပူဆက်သွယ်သည့် ယူနန်အပိုင်း အာရှဖြတ်ကျော်လမ်းပိုင်းကို ဖောက်လုပ်မည်ဖြစ်ကြောင်း တရုတ်မီးရထားဝန်ကြီးက ကူမင်းမြို့၌ မကြာသေးမီက ပြောကြားသည်။**

ကူမင်းမှ ဟန္တိုင်းသို့ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရာတွင် အဓိကအရေးပါလှသည့် အဆိုပါရထားလမ်းဟောင်းကို တရုတ်မီးရထားဝန်ကြီးဌာနက ယွမ်သန်းရာပေါင်းများစွာ အကုန်အကျခံ ဖောက်လုပ်ရန် ဆုံးဖြတ်ထားကြောင်း ယူနန်နေ့စဉ် သတင်းစာက ဖော်ပြသည်။

တရုတ်မီးရထားဝန်ကြီးဌာနသည် ကူမင်း–ဟန္တိုင်းရထားလမ်းကို အဓိကတစ်ရပ်အဖြစ်ဆောင်ရွက်ကာ ယခုနှစ်စက်တင်ဘာလတွင် ဒီဇယ်မီးရထားစက်ခေါင်း ၁၀ခု ယွမ်သန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၁၂သန်း)ဖိုး ရင်းနှီးမြှုပ်နှံရန် ကတိပြုထားသည်။

မီးရထားလမ်းတစ်လျှောက် မြို့ကြီးများတွင် ပို့ဆောင်မှုအဆင်ပြေစေရန် ရထားအတွက် ကားအစီး ၂၀၀ ဝယ်ယူရန်ယွမ် သန်း ၄၀ (အမေရိကန်ဒေါ်လာ ၄ဒသမ ၈သန်း) ရင်းနှီးမြှုပ်နှံထားကြောင်း၊ စုစုပေါင်းပို့ဆောင်ရေးပမာဏ ယွမ် ၇ဒသမ ၅သန်း အထိ ရောက်ရှိခဲ့ကြောင်း၊ ယူနန်ပြည်နယ်နှင့် ဗီယက်နမ်အကြား ကုန်သွယ်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ကြိုးပမ်းနေဆဲဖြစ်ကြောင်း အဆိုပါသတင်းစာက ဖော်ပြထားသည်။

**တိုးပွားစေခဲ့**

ယူနန်–ဟန္တိုင်း မီးရထားလမ်းကို ၁၉၁၀ ပြည့်နှစ်ကတည်းက ဖွင့်လှစ်ခဲ့ရာ တရုတ်နိုင်ငံအနောက်ပိုင်းနှင့် အရှေ့တောင် အာရှအကြား အဓိကဆက်သွယ်ရေး လမ်းဖြစ်ကြောင်း၊ တရုတ်နှင့် ဗီယက်နမ်တို့အခြား လွန်ခဲ့သော ရာစုနှစ်ကတည်းက ကုန်သွယ်မှုတိုးပွားစေခဲ့သည့် လမ်းဖြစ်ကြောင်း သိရသည်။

**အစပျိုး**

အဆိုပါ အာရှဖြတ်ကျော်မီးရထားလမ်းသည် ၁၉၉၅ခုနှစ်က အာဆီယံထိပ်သီးအစည်းအဝေးတစ်ရပ်တွင် မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာက အစပျိုးပေးခဲ့သည်။ ယင်းသည် ကူမင်းမှလာအို၊ ထိုင်း၊ မလေးရှားနှင့် စင်ကာပူသို့ ရထားဖြင့် ခရီးသွားလာနိုင်စေရန်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# တောင်အာရှဒေသ ပူးပေါင်းဆောင်ရွက်ရေးအသင်းရန်ပုံငွေ ထူထောင်ရန် ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်နိုင်ငံတို့သဘောတူ

ဒါကာ နိုဝင်ဘာ ၆

**ဒေသအတွင်းဆင်းရဲနွမ်းပါးမှု ပပျောက်စေရန်အတွက် တောင်အာရှ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအသင်း(အက်စ်အေအေအာရ်စီ) ဖွံ့ဖြိုးရေးရန်ပုံငွေထူထောင်ရန် ဘင်္ဂလားဒေ့ရှ်နှင့်ပါကစ္စတန်နိုင်ငံတို့ ဗုဒ္ဓဟူးနေ့က သဘောတူညီလိုက်ကြသည်။**

အဆိုပါ သဘောတူညီချက်ကို ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာနှင့် ပါကစ္စတန်ဝန်ကြီးချုပ် ရှာအူကက် အဇစ်တို့ တရားဝင်ဆွေးနွေးစဉ် ရရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်သတင်းဌာနက ဖော်ပြသည်။

**လှည့်လည်**

အဇစ်သည် လက်ရှိ၌ အက်စ်အေအေအာရ်စီ၏ ဥက္ကဋ္ဌဖြစ်ပြီး အက်စ်အေအေအာရ်စီ နိုင်ငံများသို့ လှည့်လည်သည့်ခရီး၏အစိတ်အပိုင်းအဖြစ် ဘင်္ဂလားဒေ့ရှ်၌ နှစ်ရက်ကြာ တရားဝင်လည်ပတ်ရန် ဗုဒ္ဓဟူးနေ့မွန်းလွဲပိုင်း၌ ဒါကာသို့ ရောက်ရှိလာခြင်းဖြစ်သည်။

**အထောက်ကူပြု**

ဒေသတွင်းရှိ လူအများစုသည် ဆင်းရဲနွမ်းပါးကြသူများဖြစ်ကြောင်း၊ ယခုထူထောင်သည့် ရန်ပုံငွေသည် သာမန်ပြည်သူများ၏ ဘဝအခြေအနေ တိုးတက်စေရေး အထောက်အကူပြုမည်ဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# နီပေါနိုင်ငံ၏ ပထမဆုံး ဒီအင်န်အေဓာတ်ခွဲခန်း ခတ္တမန္ဒူမြို့အနီး၌ တည်ထောင်ဖွင့်လှစ်

ခတ္တမန္ဒူ နိုဝင်ဘာ ၆

**နီပေါနိုင်ငံ အမျိုးသားမှုခင်းဆေးပညာဆိုင်ရာ သိပ္ပံဓာတ်ခွဲဌာနသည် နီပေါနိုင်ငံ၏ ပထမဆုံး ဒီအောက်ဆီရစ်ဘွန် နယူးကလိယအက်ဆစ် (ဒီအင်န်အေ)ဓာတ်ခွဲခန်းကို မြို့တော်ခတ္တမန္ဒူအနီး၌ တည်ထောင်ဖွင့်လှစ်လိုက်ကြောင်း နီပေါအစိုးရတာဝန်ရှိသူ တစ်ဦးက ဆင်ဟွာသို့ သောကြာနေ့တွင် ပြောကြားသည်။**

**အဆိုပါဓာတ်ခွဲခန်းသည် ခတ္တမန္ဒူမြို့ တောင်ဘက် ၁၀ ကီလိုမီတာအကွာ လာတီပါးခရိုင် ခူနေတာ၌ တည်ရှိသည်။ ယင်းဓာတ်ခွဲခန်းသည် မှုခင်းဆိုင်ရာ ဖြစ်ပွားသည့်နေရာမှ အရည်များ၊ သွေးနှင့်ဆံပင် နမူနာများကို ဓာတ်ခွဲမှု ပြုလုပ်မည်ဖြစ်ပြီး သံသယရှိသူ၏ ဒီအင်န်အေကို ယှဉ်တွဲမိစေရန် ကြိုးစား မည်ဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ပရာတီဟာရာနာက ပြောကြားသည်။**

**ယင်းဓာတ်ခွဲဌာနသည် မှုခင်းများထိန်းချုပ်ရေး၊ မုဒိမ်းကျင့်သည့် တရားခံများအား စစ်ဆေးရာတွင် အထောက်အကူဖြစ်ရေး၊ မှုခင်းများတွင် မိဘများ၏ ဒီအင်န်အေနှင့် ကလေးကို မှန်ကန်ကြောင်း စမ်းသပ်ရေးတွင် ထောက်ကူပေးရေးစသော လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ရာနာက ပြောကြားသည်။**

**ယင်းဓာတ်ခွဲခန်းသည် မျိုးရိုးဗီဇရောဂါများ ရှာဖွေစမ်းသပ်ရာတွင်လည်း စွမ်းဆောင်ပေးနိုင်ကြောင်း သိရသည်။** အမ်အင်အေ၊ဆင်ဟွာ

**စင်ကာပူနိုင်ငံရှိ ဆင်းတဲလ်ဆက်သွယ်ရေးရုံးချုပ်ကို နိုဝင်ဘာ ၅ရက်က တွေ့ရစဉ်။** (ယင်းဆင်းတဲလ် ဆက်သွယ်ရေးအုပ်စုသည် ယခုနှစ်တွင် အသားတင်အမြတ် ၂၁ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ၎င်းကုမ္ပဏီက ကြာသပတေးနေ့၌ ပြောကြားသည်။)

**(ဓာတ်ပုံ–အင်တာနက်)**




# ယခုနှစ်တရုတ်နိုင်ငံ၏ စုစုပေါင်းပြည်တွင်း ထုတ်ကုန်တန်ဖိုး၏ ၂၀ရာခိုင်နှုန်း ယန်စီမြစ်ဝကျွန်းပေါ်ဒေသမှ ပါဝင်ဖြည့်ဆည်းဆောင်ရွက်ပေး

ရှန်ဟိုင်း နိုဝင်ဘာ ၆

**အချက်အချာနေရာ၌ ရှန်ဟိုင်းမြို့တည်ရှိသော ယန်စီမြစ်ဝကျွန်းပေါ်ဒေသသည် တရုတ်နိုင်ငံ၏ ယခုနှစ် စုစုပေါင်းပြည်တွင်းထုတ်ကုန်(ဂျီဒီပီ)တွင် ၂၀ရာခိုင်နှုန်းထက်မနည်း ပါဝင်ဖြည့်ဆည်းပေးမည်ဖြစ်သည်။**

ယခုနှစ်၏ ပထမကိုးလအတွင်း ယန်စီမြစ်ဝကျွန်းပေါ်ဒေသ၏ ထုတ်ကုန်တန်ဖိုးသည် (ဒေါ်လာ ၂၄၀ဘီလီယံ)ခန့်ရှိခဲ့ရာ နိုင်ငံ၏ စုစုပေါင်း ထုတ်ကုန်၏ ၂၁ဒသမ၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း ရှန်ဟိုင်းတွင် ကျင်းပနေသည့် ယန်စီမြစ်ဝကျွန်းပေါ် ဒေသစီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ အစည်းအဝေး၌ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ပြုပြင်ရေးကော်မရှင် (အက်စ်ဒီအာစီ) သတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။

ယခု ယန်စီမြစ်ဝကျွန်းပေါ်ဒေသ၏ ထုတ်လုပ်မှုတန်ဖိုးသည် ၂၀၀၃ခုနှစ်၌ ဒေသ၏စုစုပေါင်း ဂျီဒီပီ နီးပါးဖြစ်သည်ဟု ကော်မရှင်၏မဟာစီးပွားရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ ဝင်ယီမင်က ပြောကြားသည်။ ယန်စီမြစ်ဝကျွန်းပေါ်ဒေသသည် ယမန်နှစ်က ဂျီဒီပီတန်ဖိုး (ဒေါ်လာ ၂၄၁ဘီလီယံ)ခန့်ရှိခဲ့ကြောင်း၊ နိုင်ငံ၏စုစုပေါင်း ဂျီဒီပီ၏ ၁၉ဒသမ၅ရာခိုင်နှုန်း ဖြစ်ကြောင်း၊ မစ္စတာဝင်က ပြောကြားသည်။ ယန်စီမြစ်ဝကျွန်းပေါ်ဒေသတွင် ကျန်ဆူ၊ ဇီကျန်ပြည်နယ်များနှင့် ရှန်ဟိုင်းမြူနီစီပယ် ဒေသများပါဝင်ပြီး တရုတ်နိုင်ငံ၏ ဘက်စုံစီးပွားရေးတိုးတက်မှုတွင် ပိုမိုအရေးပါသော ကဏ္ဍမှ လှုပ်ရှားဆောင်ရွက်လျက်ရှိသည်ဟု မစ္စတာဝင်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဘာလက်ဒ်မြို့ အနီးတွင် လမ်းဘေးဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် နိုဝင်ဘာ ၆

**ဘဂ္ဂဒက်မြို့မြောက်ဘက် ဘာလက်ဒ်မြို့အနီးတွင် ကြာသပတေးနေ့ညက လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး၊ အခြားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။**

သေဆုံးသည့်တပ်ဖွဲ့ဝင်မှာ အမှတ်(၁)ခြေလျင်တပ်ရင်းမှ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ပြီး အမေရိကန်စစ်ယာဉ်ဖြတ်သန်းစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်ပွားချိန်မှာ ကြာသပတေးနေ့ည ၁၀း၃၈ နာရီခန့်ကဖြစ်ကြောင်း အမေရိကန်စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုမှာ ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၈၀ အကွာရှိ ဘာလက်ဒ်မြို့အနီးတွင်ဖြစ်ပြီး အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက အမေရိကန်စစ်ယာဉ်အား ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ် မတ်လမှစတင်ကာ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံအား ကျူးကျော်စစ် ဆင်နွှဲခဲ့ပြီးချိန်မှ အီရတ်ခုခံတိုက်ခိုက်ရေးသမားတို့၏ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၁၂၇ဦးသေဆုံးခဲ့ရပြီဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**



# ကန်တို့အတွက် အီရတ်စစ်ပွဲသည် ဗီယက်နမ်စစ်ပွဲကဲ့သို့ ဖြစ်လာမည် အီရတ်အကြီးအကဲတစ်ဦးက ကန်တို့အား သတိပေးချက်ထုတ်ပြန်

ဘဂ္ဂဒက် နိုဝင်ဘာ ၆

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ လွန်ခဲ့သည့် ဗုဒ္ဓဟူးနေ့ တစ်နေ့တည်းပင် သတ်ဖြတ်မှုများနှင့် ဂျော်ဒန်နိုင်ငံသားငါးဦး၊ အမေရိကန်နွယ်ဝင် လက်ဘနွန်နိုင်ငံသားတစ်ဦးအပါအဝင် အီရတ်တစ်ဦးကိုပါ ပြန်ပေးဆွဲမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထို့အပြင် ဘဂ္ဂဒက်မြို့၌ ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အဆက်မပြတ် မြင့်တက်လာနေသော တိုက်ခိုက်မှုများကြောင့် နိုင်ငံတကာ အကူအညီပေးရေး အေဂျင်စီတစ်ခုဖြစ်သည့် မက်ဒီဆင်ဆန်ဖရန်တီယာက ၎င်းတို့၏ဝန်ထမ်းများကို အီရတ်နိုင်ငံမှ ရုပ်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။**

ဤအတောအတွင်း အီရတ်ခေါင်းဆောင်က အမေရိကန်တို့ကို သတိပေးချက်တစ်ရပ် ထုတ်ပြန်ခဲ့ရာ အမေရိကန်သမ္မတဘုရှ်နှင့် အမေရိကန်တို့ အကြီးမားဆုံး ရှုံးနိမ့်မှုကို ခံစားရမည်ဖြစ်ကြောင်း၊ အီရတ်စစ်ပွဲသည် အမေရိကန်တို့အဖို့ နောက်ထပ် ဗီယက်နမ်စစ်ပွဲကဲ့သို့ ဖြစ်လာမည်ဖြစ်ကြောင်း အီရတ်အကြီးအကဲတစ်ဦးက သတိပေးပြောကြားသည်။ လက်နက်ကိုင်များ တပ်စွဲထားရာ ဖော်လူဂျာမြို့တွင်လည်း လက်နက်ကိုင်များ ခိုအောင်းရာနေရာများကို အမေရိကန်တပ်ဖွဲ့က စတင်ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အပြင် ညဘက်လေကြောင်းစစ်ဆင်မှုများပြုလုပ်ခဲ့သည်။ လာမည့်နှစ် ဇန်နဝါရီလတွင် အီရတ်ရွေးကောက်ပွဲများမကျင်းပမီ ဖော်လူဂျာဒေသအား ထိန်းချုပ်နိုင်ရေးကို အမေရိကန်တပ်ဖွဲ့ဝင်များက အဓိကထား ဆောင်ရွက်လျက်ရှိသည်။



ဘာဆာရာမြို့ရှိ ဗြိတိသျှစစ်အခြေစိုက်စခန်းအနီး လမ်းဘေးဗုံး ပေါက်ကွဲမှုဖြစ်ပွားနေသည်ကို နိုဝင်ဘာ ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

### ဆုံးဖြတ်ချက်ချမှတ်

အီရတ်၌ လက်ရှိတပ်စွဲထားသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်သည် တစ်သိန်းသုံးသောင်း ရှစ်ထောင်အင်အားရှိရာ နောက်ထပ် တပ်ဖွဲ့ဝင် ၃၅၀၀ကို လာမည့်နှစ် ဇန်နဝါရီလမတိုင်မီ ထပ်မံအားဖြည့် ပေးမည်ဖြစ်ကြောင်း အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်က ကြေညာသည်။ သို့ရာတွင် အမေရိကန်တို့၏ အပေါင်းပါ နိုင်ငံများထဲမှတစ်နိုင်ငံဖြစ်သော ဟန်ဂေရီနိုင်ငံက ဟန်ဂေရီတပ်ဖွဲ့ဝင် ၃၀၀ကို အီရတ်မှ လာမည့်နှစ် မတ်လတွင်ပြန်လည်ရုပ်သိမ်းမည်ဟု လွန်ခဲ့သော ဗုဒ္ဓဟူးနေ့တွင် ဟန်ဂေရီအစိုးရအဖွဲ့က ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း ပြောကြားသည်။ **(စီအက်ဖ်အိုင်)**

### ဒဏ်ရာရ

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီး အရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦးအား သယ်ဆောင်လာသည်ကို နိုဝင်ဘာ ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ကယ်ကွတ်မြို့အနီး ရေနံပိုက်လိုင်း တိုက်ခိုက်ခံရ တူရကီသို့ ရေနံတင်ပို့မှုရပ်ဆိုင်း

ဘဂ္ဂဒက် နိုဝင်ဘာ ၆

**အီရတ်နိုင်ငံ ကယ်ကွတ်မြို့နှင့်တူရကီသို့ ဆက်သွယ် ပေးပို့နေသည့် ကယ်ကွတ်ရေနံမြေမှ ရေနံပိုက်လိုင်းများ အဆက်မပြတ်တိုက်ခိုက်ခံခဲ့ရမှုကြောင့် ဗုဒ္ဓဟူးနေ့၌ ရေနံတင်ပို့ပေးမှုများ ရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။**

ကယ်ကွတ်မြို့၏အနောက်ဘက် ကီလိုမီတာ ၄၀ ခန့်အကွာတွင်ရှိသော ရေနံမြေမှ ရေနံပိုက်လိုင်းများ မီးလောင်နေမှုကို ထိန်းချုပ်နိုင်ရေး အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် မီးသတ်သမားများကကြိုးစားဟန့်တားလျက်ရှိသည်။

အီရတ်နိုင်ငံ၏ အဓိကျသော လုပ်ငန်းဖြစ်သည့် ရေနံလုပ်ငန်းကို အီရတ်တိုက်ခိုက်ရေးသမားများက လေးနေရာခန့်တိုက်ခိုက်ခဲ့ကြကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ ဘဂ္ဂဒက်နှင့် ဘေဂျီမြို့များရှိ ရေနံတွင်းများကိုလည်း အီရတ် တိုက်ခိုက်ရေးသမားများက လက်လုပ်ဗုံးများဖြင့်တိုက်ခိုက်ခဲ့ကြောင်းသိရသည်။

ထို့ပြင် အီရတ်တောင်ပိုင်းရှိ တူရကီသို့ တင်ပို့ပေးနေသော အဓိက ရေနံပိုက်လိုင်းကိုလည်းထပ်မံတိုက်ခိုက်ခဲ့ကြောင်းလည်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# နေအိမ်ပေါ်သို့ ဒုံးကျည်ကျရောက်ပေါက်ကွဲ အီရတ်ကလေးငယ်နှစ်ဦးသေဆုံး

**ဘာကူဘာ နိုဝင်ဘာ ၆**

အီရတ်နိုင်ငံ အယ်မူဒါဒီယာမြို့တွင် နေအိမ်တစ်လုံးပေါ်သို့ သောကြာနေ့က ဒုံးကျည်တစ်စင်း ကျရောက်ပေါက်ကွဲခဲ့ရာ အီရတ် ကလေးငယ်နှစ်ဦးသေဆုံးပြီး အခြားလေးဦးဒဏ်ရာရရှိခဲ့ကြောင်း အသက်မသေဘဲကျန်ရစ်သူများက ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ၇၂မိုင်အကွာရှိ အယ်မူဒါဒီယာမြို့ရှိ ရဲစခန်းတစ်ခု၌ အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားရာ အပြန်အလှန်ပစ်ခတ် တိုက်ခိုက်မှုကြောင့် အဆိုပါ ဒုံးကျည်သည် နေအိမ်တစ်လုံးပေါ်သို့ကျရောက်ခဲ့ခြင်း ဖြစ်သည်။

ထိုကဲ့သို့ ဒုံးကျည် ကျရောက်ပေါက်ကွဲမှုမှာ မည်သည့်တပ်ဖွဲ့မှ ပစ်ခတ်ခြင်း ဖြစ်သည်ကို သေချာစွာ မသိရကြောင်းလည်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဒုံးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရသည့် ကလေးငယ်နှစ်ဦးမှာ အသက်(၃)နှစ်အရွယ် ယောက်ျားလေးတစ်ဦးနှင့် အသက်(၁၂)နှစ်အရွယ်မိန်းကလေးငယ်တစ်ဦး ဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

# ပြန်ပေးဆွဲခံရသော နီပေါအလုပ်သမား ပြန်လွတ်မြောက်လာ

ခတ္တမန္ဒူ နိုဝင်ဘာ ၆

**အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားအုပ်စုက ဓားစာခံအဖြစ်ပြန်ပေးဆွဲသွားခဲ့သော နီပေါလူမျိုး ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း နီပေါအစိုးရအရာရှိတစ်ဦးက ခတ္တမန္ဒူမြို့၌ သောကြာနေ့က ပြောကြားသည်။**

ပြန်ပေးဆွဲခြင်းခံခဲ့ရသော နီပေါလူမျိုးအင်နပ်စ်ကာဝါရီအား ကြာသပတေးနေ့၌ ခွင်းချက်မရှိ ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးအတွင်းဝန် မက်ဟူဆက်ဟန်အက်ခါရာယာ၏ ပြောကြားချက်ကို အိပ်ချ်ဘီစီ အက်ဖ်အမ်က ကိုးကားပြောကြားခဲ့သည်။

### ပြန်ပေးဆွဲခံရ

ဘဂ္ဂဒက်ရှိ ဆော်ဒီအာရေဗျကုမ္ပဏီ၌ စားပွဲထိုးအလုပ်လုပ်သော ကာဝါရီသည် အမေရိကန်တစ်ဦးနှင့် ဖိလစ်ပိုင်တစ်ဦးအပါအဝင် အခြားငါးဦးနှင့်အတူ ပြီးခဲ့သည့် တနင်းလာနေ့၌ ပြန်ပေးဆွဲခံခဲ့ရသည်။

ပြန်ပေးဆွဲခံခဲ့ရသော အဆိုပါနီပေါလူမျိုးလွတ်မြောက်ရေးအတွက် နီပေါအစိုးရက အဆင့်မြင့်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ဘဂ္ဂဒက်မှနေ၍ ပေးပို့သော ဆင်ဟွာသတင်းအရ အဖမ်းခံရသူ ခြောက်ဦးတွင် လုံခြုံရေးဝန်ထမ်းများအဖြစ် အလုပ်လုပ်နေသော အီရတ်သုံးဦးမှာ ကြာသပတေးနေ့၌ အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားတို့၏ သတ်ဖြတ်ခြင်းခံခဲ့ရကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ကာလီဖိုးနီးယားပြည်နယ် အုတ်ကလန်မြို့၌ စစ်ဆန့်ကျင်ရေးဆန္ဒပြ

အုတ်ကလန် နိုဝင်ဘာ ၆

**အမေရိကန်ပြည်ထောင်စု အနောက်ကာလီဖိုးနီးယားပြည်နယ်ရှိ အုတ်ကလန်မြို့ လမ်းများပေါ်တွင် ဗုဒ္ဓဟူးနေ့ ညနေပိုင်း၌ လူ ၂၀၀ခန့်သည် အီရတ်စစ်ဆန့်ကျင်ရေး ဆန္ဒပြကြသည်။**

ဗုဒ္ဓဟူးနေ့ ညနေပိုင်း ယာဉ်အသွားအလာ ရှုပ်ထွေးချိန်၌ ဖစ်သ်အီးဗင်းညူး တစ်လျှောက် ချီတက်ဆန္ဒပြချိန်တွင် မီးလောင်ကျွမ်းမှု စတင်ဖြစ်ပွားခဲ့ပြီး လူအချို့ အဖမ်းခံရကြောင်း လိုင်း–၄ အက်ရှင်နယူးစ်က သတင်းထုတ်လွှင့်သည်။

ချီတက်ဆန္ဒပြပွဲ၌ ပါဝင်သူများက ကျန်းမာရေးကုသမှု၊ ပညာရေးနှင့် အမေရိကန်ပြည်ထောင်စု၏ လက်ရှိမူဝါဒ၏ အန္တရာယ်များကို စူးစိုက်လုပ်ဆောင်သွားရန် သမ္မတဘုရှ်ကို တိုက်တွန်းတောင်းဆိုခဲ့ကြသည်။ ဆန္ဒပြပွဲအတွင်း လူနှစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

# ဒဏ်ရာရနေသော အီရတ်လူငယ်တစ်ဦးကို ပစ်သတ်ခဲ့မှု အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး တရားစွဲဆိုခြင်းခံရ

လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၆

**အီရတ်တွင်ရောက်ရှိနေသော အမေရိကန်တပ်ဖွဲ့ဝင်များမှ တပ်ဖွဲ့ဝင်နှစ်ဦးသည် အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားတစ်ဦးအဖြစ် ထင်ယောင်ထင်မှားဖြစ်ကာ အီရတ်ဆယ်ကျော်သက်လူငယ်တစ်ဦးကို သေနတ်ဖြင့်ပစ်ခတ်မှုနှင့် ဒဏ်ရာရရှိစေခဲ့မှုတို့ကြောင့် ဘဂ္ဂဒက်ရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ တရားရုံးတစ်ခုတွင် အမှုရင်ဆိုင်နေရကြောင်း လော့စ်အိန်ဂျလိစ်တိုင်းသတင်းစာက သောကြာနေ့တွင် ဖော်ပြသည်။**

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ဖြစ်ပွားခဲ့သော အီရတ်လူငယ်တစ်ဦးအား ပစ်ခတ်သတ်ဖြတ်မှုတွင် အမေရိကန်တပ်ကြပ်ကြီးနှစ်ဦး ပါဝင်ပတ်သက်နေသည်ဟု သောကြာနေ့က ထုတ်ဝေသော လော့စ်အိန်ဂျလိစ် တိုင်းသတင်းစာ၌ ဖော်ပြသည်။ အီရတ် ဆယ်ကျော်သက် လူငယ်လေးကို ပစ်သတ်ရာတွင် အမေရိကန် စစ်ဘက်အရာရှိများက အမိန့်ပေးစေခိုင်းခြင်းကြောင့်ဖြစ်ကြောင်း၊ အဆိုပါအမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးက ပြောကြားကြောင်းလည်း သတင်းစာတွင် ဖော်ပြသည်။ **(အင်တာနက်)**

# ကန်စစ်ယာဉ်တန်း ရာမာဒီတွင်တိုက်ခိုက်ခံရ အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ၂၀ ဒဏ်ရာရရှိ

ဖော်လူဂျာ နိုဝင်ဘာ ၆

**အမေရိကန်စစ်ယာဉ်တန်းတစ်ခု ဘဂ္ဂဒက်မြို့အနောက်ဘက်၌ စနေနေ့က တိုက်ခိုက်ခံခဲ့ရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ၂၀ ဒဏ်ရာရရှိခဲ့သည်ဟု အမေရိကန်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။**

အဆိုပါပြောရေးဆိုခွင့်ရှိသူက ဘဂ္ဂဒက်မြို့အနောက်ဘက် ၆၈ မိုင်အကွာရှိ ရာမာဒီမြို့၌ ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုအခြေအနေ အသေးစိတ်ကို မပြောဆိုသော်လည်း ဒဏ်ရာရရှိသူများမှာ အမေရိကန် အမှတ်(၁) မရိန်းတပ်မှဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရတ်ခုခံတိုက်ခိုက်ရေးသမားများ သိမ်းပိုက်ထားသော ရာမာဒီမြို့၌ အမေရိကန်စစ်ယာဉ်တန်းအား အသေခံဗုံးခွဲတိုက်ခိုက်ခဲ့သည် ဆိုသောသတင်းကို အဆိုပါပြောရေးဆိုခွင့်ရှိသူက အတည်မပြုနိုင်ခဲ့ကြောင်းနှင့် အမေရိကန်တပ်ဖွဲ့ဝင်များက ခုခံတိုက်ခိုက်ရေးသမားများ အား အလျင်အမြန်ဖမ်းဆီးနိုင်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

ရာမာဒီမြို့အရှေ့ဘက် လမ်းမကြီးပေါ်ရှိ အမေရိကန်စစ်ယာဉ်တန်းအနီး၌ မွန်းလွဲ ၂ နာရီအချိန်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ခဲ့ကြောင်းနှင့် အဆိုပါပေါက်ကွဲမှုကြောင့် ထရပ်ကားနှင့်လိုက်ပါလာသော တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရာမာဒီ၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ တိုက်ခိုက်မှုဖြစ်ပွားရာတွင် အီရတ်လူမျိုးတစ်ဦးသေဆုံး ခဲ့ပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆေးရုံဝန်ထမ်းများက ပြောကြားသည်။ အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် နံနက် ၇နာရီမှစ၍ အမေရိကန်တပ်ဖွဲ့ဝင်များအား လက်နက်ကြီးများနှင့်ပစ်ခတ်၍ စီးနင်းတိုက်ခိုက်ရန် ကြိုးစားခဲ့ကြသည်။ **(အင်တာနက်)**




# ဒုတိယသက်တမ်းအရွေးခံရသော သမ္မတဘုရှ် စိန်ခေါ်မှုအသစ်များနှင့် ရင်ဆိုင်ရမည်

ဝါရှင်တန် နိုဝင်ဘာ ၆

**သမ္မတရျော့ဒဗလျူဘုရှ်အတွက် အီရတ်တွင် လာမည့်လေးနှစ်တာကာလသည် ခက်ခဲသော စိန်ခေါ်မှုအသစ်များနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ အီရတ်ခုခံတိုက်ခိုက်ရေးသမားတို့ အခိုင်အမာ စခန်းပြုထားသော ဖော်လူဂျာမြို့အား အမေရိကန်တို့၏တိုက်ခိုက်မှုမှ ပေါ်ထွက်လာမည့် အကျိုး ရလဒ်အပေါ် တစ်စိတ်တစ်ပိုင်းအားဖြင့် မူတည်နေသည်။ အမေရိကန်တို့၏ ထိုးစစ်အသစ်သည် ခုခံတိုက်ခိုက်မှုကို ဖြိုခွဲနိုင်မည်လောဟုမေးစရာဖြစ်နေသည်။**

အီရတ်နိုင်ငံတွင် မရေရာမှုအခြေအနေများ ကြောင့် လာမည့်မတ်လနောက်ပိုင်းတွင် အီရတ်၌ ဟန်ဂေရီတပ်ဖွဲ့ဝင်များကို ထားရှိတော့မည်မဟုတ်ကြောင်း ဟန်ဂေရီနိုင်ငံက ဗုဒ္ဓဟူးနေ့၌ ကြေညာခဲ့သည်။ စစ်ပွဲကို နိုင်ငံတကာ၏ထောက်ခံမှု ကြီးထွားလာခြင်းရှိ၊ မရှိ သို့မဟုတ် လျော့ကျသွားခြင်းရှိ၊ မရှိဆိုသည်မှာ အီရတ်တွင်ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဘုရှ်အစိုးရက လျှော့ချနိုင်စွမ်းရှိမည့် အချိန်တွင် အဆုံးအဖြတ်ပေးမည်ဖြစ်သည်။

**ပြန်ခေါ်မည်**

အမေရိကန်ပြည်ထောင်စုသည် အီရတ်နိုင်ငံတွင် ယခုအခါ တပ်ဖွဲ့ဝင်ဦးရေ ၁၄၂၀၀၀ ခန့် ရှိနေပြီး လွန်ခဲ့သည့် တစ်နှစ်ကလည်း ထိုအရေအတွက်အတိုင်းပင် ရှိခဲ့သည်။ ဗုဒ္ဓဟူးနေ့၌ အောင်ပွဲခံမိန့်ခွန်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များကို အိမ်ပြန်ခေါ်မည်ဖြစ်ကြောင်း ဘုရှ်က ပြောကြားခဲ့သည်။

**ပြောကြား**

အီရတ်နှင့် အာဖဂန်နစ္စတန်၌ ဒီမိုကရေစီဖြစ်ထွန်းရေးကို မိမိတို့ အကူအညီပေးသွားမည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ၎င်းတို့၏ လွတ်မြောက်မှုကို ခုခံကာကွယ်သွားနိုင်မည်ဖြစ်ပြီး ယင်းနောက်ပိုင်း၌ မိမိတို့၏ အမျိုးသမီး၊ အမျိုးသားစစ်မှုထမ်းများသည် နေအိမ်သို့ ပြန်လာကြမည်ဖြစ်ကြောင်း ဘုရှ်က အောင်ပွဲခံမိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။ **(အင်တာနက်)**



# နီပေါလူမျိုးများ အီရတ်သို့ ခရီးမသွားကြရန် အစိုးရက သတိပေးချက်ထားဆီးထုတ်ပြန်ထား

ခတ္တမန္ဒူ နိုဝင်ဘာ ၆

**ပြီးခဲ့သည့် ဩဂုတ်လအတွင်း၌ အီရတ်တွင် နီပေါစားစာခံ ၁၂ ဦး အသတ်ခံခဲ့ရသဖြင့် နီပေါနိုင်ငံသည် တုန်လှုပ်ချောက်ချားမှုဖြစ်ခဲ့ရပြီး ခတ္တမန္ဒူမြို့တွင် အကြမ်းဖက်ဆန္ဒပြမှုများဖြစ်ပွားခဲ့သည်။ ယခုသီတင်းပတ် အစောပိုင်း၌ နီပေါအလုပ်သမားတစ်ဦး ပြန်ပေးဆွဲခြင်းခံခဲ့ရပြန်ရာ ထိုနီပေါအလုပ်သမားလွတ်မြောက်ရေး အတွက် ပြန်ပေးသမားများအား နီပေါအစိုးရက မေတ္တာရပ်ခံခဲ့ရသည်။**

တရားမဝင်လမ်းကြောင်းမှတစ်ဆင့် နီပေါလူမျိုးများကို အီရတ်သို့ ပို့ပေးသည့် အလုပ်သမား အေဂျင်စီများအား ပြင်းထန်စွာ အရေးယူသွားရန် အလုပ်သမားဝန်ကြီးဌာနက သန္နိဋ္ဌာန်ပြုခဲ့သည်။

**ပိတ်ပင်**

လုံခြုံရေးအကြောင်းကြောင့် အီရတ်သို့ နီပေါအလုပ်သမားများ သွားရောက်ခြင်းကို ပိတ်ပင်တားမြစ်ချက်ကို နီပေါအစိုးရက ထုတ်ပြန်ခဲ့သည်။

**ထုတ်လွှင့်**

ထိုသို့ ပိတ်ပင်လင့်ကစား နီပေါလူမျိုးရာပေါင်းများစွာသည် အလုပ်ရရှိရေးအတွက် အရှေ့အလယ်ပိုင်းရှိ နိုင်ငံများမှတစ်ဆင့် အီရတ်သို့ သွားရောက်နေကြောင်း ဘီဘီစီက သတင်းထုတ်လွှင့်ခဲ့သည်။

စည်းမျဉ်းစည်းကမ်းချိုးဖောက်သည့် အလုပ်သမားရှာဖွေစုဆောင်းရေး အေဂျင်စီများကို လောလောဆယ်၌ စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ဖွဲ့စည်း**

နောက်ဆုံး ပြန်ပေးဆွဲခံရသည့် နီပေါအလုပ်သမားလွတ်မြောက်ရေးအတွက် အစိုးရကလည်း နိုင်ငံခြားရေးရာအစိုးရအဖွဲ့ ဝန်ကြီးဦးဆောင်သော ကော်မတီတစ်ရပ်ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။

**တောင်းဆို**

အီရတ်နိုင်ငံတွင် နိုင်ငံခြားအလုပ်သမားများအား ဓားစာခံအဖြစ် ပြန်ပေးဆွဲမှုများပြုလုပ်ပြီး အီရတ်မှ ပြည်ပကုမ္ပဏီများ ထွက်ခွာရန်နှင့် သက်ဆိုင်ရာအစိုးရများအား ၎င်းတို့၏ တပ်ဖွဲ့ဝင်များရုပ်သိမ်းရန် ပြန်ပေးသမားတို့က တောင်းဆိုလျက်ရှိသည်။ **(အင်တာနက်)**

**ဘာဆာရာမြို့ ဗြိတိသျှ စစ်အခြေစိုက်စခန်းအနီး တွေ့ရှိသော လမ်းဘေးထောင်ချောက် ဗုံးတစ်လုံးအား ဗြိတိသျှတပ်ဖွဲ့ဝင်များက ဖယ်ရှားနေသည်ကို နိုဝင်ဘာ ၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဆာမာရာ၌အီရတ်ရဲစခန်းအနီး ကားဗုံးပေါက်ကွဲ၍ လူအများဒဏ်ရာရ

**ဆာမာရာ နိုဝင်ဘာ ၆**

အီရတ်နိုင်ငံ ဆာမာရာမြို့အလယ်ပိုင်းရှိ အီရတ်ရဲစခန်းအနီး ကားဗုံးတစ်လုံးပေါက်ကွဲခဲ့သည်။ ယင်းကားဗုံးပေါက်ကွဲမှုကြောင့် လူအတော်များများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံရဲများက ပြောကြားသော်လည်း ဒဏ်ရာရရှိသူစာရင်းကို တိကျစွာထုတ်ဖော်ပြောကြားခြင်းမရှိသေးဘဲ ရှိသည်။

ဤအတောအတွင်း ယနေ့နံနက်စောစောပိုင်း၌ ဖော်လူဂျာမြို့ပေါ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များကလေကြောင်းနှင့် မြေပြင်စစ်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် ပတ်လည်တွင် အီရတ်တပ်ဖွဲ့ဝင်များစွာနှင့်အမေရိကန်တပ်ဖွဲ့ဝင်တို့ နေရာယူထားကြသည်။

ဖော်လူဂျာမြို့တွင် အီရတ် လက်နက်ကိုင် ၃၀၀၀ ခန့် စခန်းချနေသည်ဟု အမေရိကန်စစ်ဘက်က ခန့်မှန်းထားသည်။ ဤအတောအတွင်း ဖော်လူဂျာမြို့တွင် ငြိမ်းချမ်းစွာ ဖြေရှင်းရေးအချိန်ကာလ ကုန်ဆုံးသွားပြီဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ် အီယာ့ဒ်အလာဝီက သတိပေးပြောကြားသည်။

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ကျင်းပသည့် ဥရောပ သမဂ္ဂထိပ်သီးဆွေးနွေးပွဲ၌ အီရတ်ဝန်ကြီးချုပ်က ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ **(စီအင်န်အင်န်)**

# ဖော်လူဂျာအား ကန်တို့လေကြောင်းမှ ထပ်မံတိုက်ခိုက် အီရတ်ပြည်သူ သုံးဦးသေဆုံး၊ အိမ်ငါးလုံးပျက်စီးရ

ဘဂ္ဂဒက် နိုဝင်ဘာ ၆

**အမေရိကန်တပ်ဖွဲ့ဝင်များသည် ဖော်လူဂျာမြို့အား သောကြာနေ့က လေကြောင်းမှနေ၍ တိုက်ခိုက်ခဲ့ပြန်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။**

သောကြာနေ့ညက အမေရိကန်တပ်ဖွဲ့ဝင်များ လေကြောင်းမှနေ၍ ဖော်လူဂျာမြို့ကို ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အီရတ်ပြည်သူသုံးဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့အပြင် နေအိမ်ငါးလုံးလည်း ပျက်စီးခဲ့ရကြောင်း ဖော်လူဂျာမြို့ ဆေးရုံအရာရှိများက ပြောကြားသည်။

ဖော်လူဂျာမြို့ကို အမေရိကန်တပ်ဖွဲ့ဝင်များ လေကြောင်းမှ အဆက်မပြတ် တိုက်ခိုက်မှုနှင့် မြို့တွင်းလမ်းများကို အမေရိကန်တပ်ဖွဲ့ဝင်များက ပိတ်ဆို့ဖြတ်တောက်ထားမှုများကြောင့် ဖော်လူဂျာမြို့ ဒေသခံပြည်သူ ၃၀၀၀၀၀ ခန့် မြို့မှနေ၍ ထွက်ပြေးခဲ့ကြရကြောင်း ဒေသခံများက ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် သောကြာနေ့ ညလယ်ပိုင်းအချိန်ကာလ ၇ နာရီအတွင်း စစ်လေယာဉ်များက ငါးကြိမ်တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**



**ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့က လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်အမျိုးသမီးကြီးတစ်ဦးနှင့် ကလေးငယ်တစ်ဦးအား ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို နိုဝင်ဘာ၅ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

8-11 (07).p65 1 3/24/05, 6:31 PM



# လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုဖြည့်ဆည်းပေးမည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း

မန္တလေးတိုင်း မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁မိုင်အကွာ မြစ်ငယ်မြစ်(ဒုဋ္ဌဝတီမြစ်)ပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "တတိယ ငါးနှစ်စီမံကိန်း ကာလအတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ထပ်မံတိုးချဲ့ရရှိအောင် ဆောင်ရွက်ရန်နှင့် ယင်းသို့ ဆောင်ရွက်ရာ၌ ပေါကြွယ်ဝသော ရေအရင်းအမြစ်များကို အခြေခံ၍ လုပ်ကိုင်ဆောင်ရွက်ရန်" လမ်းညွှန်ချက်နှင့်အညီ ရေအားလျှပ်စစ်စီမံကိန်းများကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိသည်။




| | | |
|---|---|---|
| တည်နေရာ | - | မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်၊ မြစ်ငယ်မြစ်(ဒုဋ္ဌဝတီမြစ်)ပေါ်တွင်တည်ရှိ၊ |
| စက်အင်အား | - | တာဘိုင်စက်လေးလုံး၊ |
| ထုတ်လုပ်ဓာတ်အား | - | ၇၉၀ မဂ္ဂါဝပ် (မြန်မာနိုင်ငံတွင် ဓာတ်အားအများဆုံးထုတ်လုပ်ပေးမည့်စီမံကိန်း)။ |

## ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်

မန္တလေးတိုင်း မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁မိုင်အကွာ မြစ်ငယ် မြစ်(ဒုဋ္ဌဝတီမြစ်)ပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)





**ရန်ကုန်တိုင်း သန်လျင်မြို့နယ် ခရမ်းရေထိန်းတံခါးဆောက်လုပ်ရေး လုပ်ငန်းခွင်ရှိ ရှင်းလင်းဆောင်တွင် ခရမ်းရေထိန်းတံခါး တာဝန်ခံ ဦးကျော်ကျော်အောင်နှင့် ဦးစီးအရာရှိများက ရေထိန်းတံခါး တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ မြန်မာ့အလင်းသို့ ဤသို့ရှင်းပြကြသည်။**

ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)

☆ ရှေ့ဖုံးမှ

ရေပိုမိုရရှိရေးအတွက် ဆည်မြောင်း ဌာန တည်ဆောက်ရေး(၆)မှ ရန်ကုန်တိုင်း သန်လျင်မြို့နယ် ခရမ်းရေထိန်းတံခါး စီမံကိန်းတစ်ရပ်ကို ၂၀၀၃-၂၀၀၄ခုနှစ်မှ စတင်လျက်တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ခရမ်းရေထိန်းတံခါးစီမံကိန်းသည် ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်ဝန်းကျင်(အရှေ့ခြမ်း)စိမ်းလန်းစိုပြည်ရေး လုပ်ငန်းအတွက်လည်း အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်သည့် အလျောက် ၂၀၀၄-၂၀၀၅ခုနှစ်တွင် စီမံကိန်းပြီးစီးနိုင်ရန် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့အလင်းသတင်းအဖွဲ့သည် ခရမ်းရေထိန်းတံခါး တည်နေရာ ရန်ကုန်တိုင်း သန်လျင်မြို့နယ် ချောင်းဝ ရွာဟောင်းအနီးတွင် တည်ရှိသော ခရမ်းရေထိန်းတံခါး စီမံကိန်းသို့ နိုဝင်ဘာ ၅ ရက်က ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်၏ စီစဉ်ပေးခြင်းကြောင့် တောင်ဒဂုံဆိပ်ကမ်းမှ စက်လှေဖြင့် နံနက်ပိုင်းတွင် ရောက်ရှိသွားသည်။

မြန်မာ့အလင်းသတင်းအဖွဲ့အား ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်းက ခရမ်းရေထိန်းတံခါးစီမံကိန်းမှ စောင့်ဆိုင်းပြီး ရေတံခါးတည်ဆောက်ရေးတာဝန်ခံ ဦးစီးအရာရှိ ဦးကျော်ကျော်အောင်၊ ရေယာဉ်အဝင် အထွက်တံတားတည်ဆောက်ရေးတာဝန်ခံ ဦးစီးအရာရှိဦးတင်ထွန်း၊ စက်ယန္တရားအုပ်ချုပ်ထိန်းသိမ်းရေး ဦးစီးအရာရှိ ဦးစိုးနိုင်တို့နှင့် မိတ်ဆက်ပေးပြီး လုပ်ငန်းခွင်ကို လိုက်လံပြသရှင်းလင်းပြောကြားသည်။

## ရည်ရွယ်ချက်

ခရမ်းရေထိန်းတံခါး စီမံကိန်းတည်ဆောက်အကောင်အထည်ဖော်ခြင်း၏ရည်ရွယ်ချက်မှာ ရန်ကုန်တိုင်း ခရမ်း၊သုံးခွနှင့် သန်လျင်မြို့နယ်များရှိ ရေကြီးရေလွှမ်းကွင်းများတွင် (၁)မိုးရာသီတွင် မြစ်အတွင်း ဒီရေတက်ချိန်၌ မြစ်ရေများ ကုန်းတွင်းသို့ဝင်ရောက်မှု မရှိစေရန်နှင့် မြစ်ရေကျချိန်တိုင်းတွင် ကုန်းတွင်းမှ ရေပိုရေလျှံများကို ထုတ်နုတ်ပေးခြင်းဖြင့် စိုက်ကွင်းများရေလွှမ်းခံရမှုလျော့နည်း သက်သာစေရန်၊ (၂) မိုးနှောင်းကာလတွင် ရေချိုများ သိုလှောင်ထိန်းသိမ်းထားပြီး မိုးစပါး အောင်ရေ ဖြည့်ဆည်းပေးနိုင်ရန်၊ ဆောင်းသီးနှံများအတွက် အစိုဓာတ် ထိန်းသိမ်းပေးနိုင်ရန်နှင့် နွေရာသီ ရေချိုပိုမိုရရှိစေရန်၊ (၃) နွေရာသီတွင် ပင်လယ်ဆားငန်ရေနှင့် သဲနုန်းများ ကွင်းအတွင်းသို့ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးခြင်းဖြင့် လယ်မြေများ အငန်ဓာတ်ပေါက်ခြင်းနှင့် ချောင်းများ တိမ်ကောမှုကို တားဆီးပေးနိုင်ရန် ရည်ရွယ်၍ တည်ဆောက်ခြင်း ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်းက ရှင်းပြသည်။

ပဲခူးမြစ်နှင့် စစ်တောင်းမြစ်အကြားရှိ ကျယ်ပြောလှသည့် ရေကြီးရေနက်ကွင်းများကို စိုက်ပျိုးဖြစ်ထွန်းနိုင်မည့် အဖိုးတန်လယ်မြေများအဖြစ် ဖော်ထုတ်နိုင်စေရန် ရေထိန်းတံခါးကြီးများကို နိုင်ငံတော်အစိုးရက စနစ်တကျ ဖြန့်ကြက်အကွက်ချ တည်ဆောက်ပေးလျက်ရှိရာတွင် ခရမ်းရေထိန်းတံခါးလည်း အပါအဝင်ဖြစ်သည်။

## အရေးကြီးအစိတ်အပိုင်းတစ်ခု

ပဲခူးရိုးမအရှေ့ခြမ်းတွင် ပိုင်ကျုံ၊ ရှမ်းကိုင်း၊ တာဝနှင့် ရွှေလှေ ရေထိန်းတံခါးများ တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ ပဲခူးတိုင်းအတွင်း ရိုးမက စီးဆင်းလာသည့် ဘိုင်းဒါး၊ ကောလိယ၊ ရဲနွယ်တို့မှ ချပေးသည့်ရေများကို မိုးယွန်းကြီးရေလှောင်ကန်ကြီးတွင် သိုလှောင်ပြီး မိုးယွန်းကြီးရေလှောင်ကန်မှတစ်ဆင့် တာဝရေထိန်းတံခါး၊ ပိုင်ကျုံရေထိန်းတံခါး၊ ရွှေလှေ ရေထိန်းတံခါးများမှတစ်ဆင့် ခရမ်းရေထိန်းတံခါးဖြင့် ရေထိန်းသိုလှောင်၍ ရေမြောင်းကြီးများဖြင့် ရေလွှတ်မည်ဖြစ်သည်။ ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေးအတွက် ခရမ်း၊သုံးခွ၊သန်လျင်၊ကျောက်တန်း ဒေသများသို့ရောက်အောင် ရေလွှတ်ပေးပြီး သီးနှံစိုက်ပျိုးရေးကို အကျိုးပြုမည်ဖြစ်သည့်အလျောက် ခရမ်းရေထိန်းတံခါးသည် ရန်ကုန် မိုင် ၃၀ ဝန်းကျင်(အရှေ့ပိုင်း)စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၏ အရေးကြီး အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်သည့် စီမံကိန်း ရေထိန်းတံခါးဖြစ်သည်။

ခရမ်းရေထိန်းတံခါးတည်ဆောက်ထားသော ခရမ်းချောင်းသည် ရေဆင်းဧရိယာ ၁၄၂ စတုရန်းမိုင်ရှိ၍ ခရမ်းရေထိန်းတံခါးတည်ဆောက်ပုံစနစ်မှာ ရွှေလှေရေထိန်းတံခါးကဲ့သို့ပင် ကွန်ကရစ် ရေထိန်းတံခါးဖြစ်သည်။ ရေထိန်းတံခါးများကို အကျယ်၆ပေx အမြင့် ၁၆ ပေရှိသော ရေတံခါးပေါက် ၄၀ရှိသည်။ ခရမ်းရေထိန်းတံခါးသည် ရွှေလှေရေထိန်းတံခါးထက် ပိုမိုထူးခြားသော ရေထုတ်တံခါးနှင့် ရေထိန်းတံခါး နှစ်ဖက်ထည့်ပေးထားသည်။ ရေလှောင်ရန် ရေထိန်းတံခါးနှင့် ရေထုတ်ရန် ရေတံခါးထားပေးခြင်းဖြင့် မိုးတွင်းကာလတွင် ရေငန်ရေမဝင်နိုင်ရန် ရေထိန်းတံခါးဖြင့် ပိတ်ထားပြီး ဒီရေကျသွားလျှင် ကုန်းတွင်းမှရေကိုရေထုတ်တံခါးဖြင့် ထုတ်ပေးနိုင်ရန်ဆောင်ရွက်ထားသည်။

## ဒုတိယမြောက်အကြီးဆုံး

ခရမ်းရေထိန်းတံခါးတွင် ရေခေါ်မြောင်းမကြီးကို အလျားပေ ၄၀၀၀ ဖြင့်လည်းကောင်း၊ ရေထုတ်မြောင်းကြီးကို အလျားပေ ၂၅၀၀ဖြင့် လည်းကောင်းတည်ဆောက်ထားရန်၊လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အောက်ပြည်အောက်ရပ် လယ်ယာမြေ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် တည်ဆောက်ပေးသော ရေထိန်းတံခါး စီမံကိန်းများတွင် ရွှေလှေရေထိန်း တံခါးနည်းတူ ဒုတိယမြောက်အကြီးဆုံး ရေထိန်းတံခါးကြီးဖြစ်သည်။

ခရမ်းရေထိန်းတံခါးတည်ဆောက်ခြင်း မပြုလုပ်မီ ခရမ်းရေထိန်းတံခါးအောက်ခံမြေမှာ သဲဆန်သောမြေဖြစ်သောကြောင့် ရေစိမ့်ယိုခြင်း၊ နိမ့်ကျခြင်းမရှိစေရန် သံမဏိပြားပိုင်များ၊ သစ်သားပိုင်များကို အောက်ခံမြေအတွင်းသို့ ရိုက်သွင်းထားခြင်းဖြင့် မြေအောက်ခံမှ ရေစိမ့်ခြင်းများမဖြစ်နိုင်ရန် စီစဉ်ထားသည်။

ခရမ်းရေထိန်းတံခါး တည်ဆောက်ခြင်းဖြင့် ရန်ကုန်တိုင်းအတွင်းရှိ လယ်ယာမြေဧက ၃၀၀၀၀အကျိုးပြုမည်ဖြစ်ပြီး ပဲခူးတိုင်းအတွင်း၌ ရွှေလှေရေထိန်းတံခါးတည်ဆောက်ပြီးသဖြင့် လယ်မြေဧက ၃၀၀၀၀၊ ဝေါမြို့နယ်ရှမ်းကိုင်းရေထိန်းတံခါးတည်ဆောက်ခြင်းကြောင့် လယ်မြေဧက ၂၅၀၀၀၊ ကဝမြို့နယ် ပိုင်ကျုံရေထိန်းတံခါးတည်ဆောက်ခြင်းဖြင့် လယ်မြေဧက၃၀၀၀၀၊ သနပ်ပင်မြို့နယ် တာဝရေထိန်းတံခါးတည်ဆောက်ခြင်းဖြင့် လယ်မြေဧက၃၂၀၀၀ကို အကျိုးပြုမည်ဖြစ်ရာ ပဲခူးတိုင်းတွင် ရေထိန်းတံခါးလေးခု တည်ဆောက်ပြီးခြင်းကြောင့် လယ်မြေဧက ၁၁၇၀၀၀၊ ရန်ကုန်တိုင်း ခရမ်း ရေလှောင်တံခါးတည်ဆောက်ခြင်းဖြင့် လယ်မြေဧက ၃၀၀၀၀ကို အကျိုးပြုမည်ဟု သိရသည်။

## ပိုမိုအကျိုးဖြစ်ထွန်း

ခရမ်းရေထိန်းတံခါးတည်ဆောက်ခြင်းဖြင့် မိုးရာသီတွင် ရေကြီးရေလွှမ်းလယ်ကွင်းများတွင် ရေကြီးနစ်မြုပ်ခြင်းမှ ကင်းဝေးခြင်း၊ နွေ ရေအတွက် ရေချိုသိုလှောင်ထားခြင်း၊ နွေရာသီတွင်ပင်လယ်ရေငန်မဝင်နိုင်ရန် ပိတ်ထားခြင်းကြောင့် ရေငန်မဝင်ဘဲ နုန်းတင်၍ချောင်းမြောင်းများ မကောစေခြင်း၊ နွေရာသီတွင် နွေစပါးနှင့် အခြားစိုက်ပျိုးသီးနှံများအတွက် ရေချိုပေးသွင်းနိုင်မည်ဖြစ်ပြီး စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးများ ပိုမိုအကျိုး ဖြစ်ထွန်းလာမည်ဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူအကျိုးပြုမည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း သတင်းစကား ဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**



**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တာဝန်ယူဆောက်လုပ်လျက်ရှိသည့် ခရမ်းရေထိန်းတံခါး၏ ရေယာဉ်အဝင်အထွက်တံခါး ဆောက်လုပ်မှုမြင်ကွင်းကို နိုဝင်ဘာ ၅ရက်က ဤသို့တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)



**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ တာဝန်ယူဆောက်လုပ်လျက်ရှိသည့် ခရမ်းရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းခွင်တွင် စက်ယန္တရားများဖြင့် ခရမ်းချောင်းကို ပိတ်၍ မြေဖို့တမံဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။**

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

# ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံအမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၇

**၂၀၀၄ ခုနှစ် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဇနီး ဒေါ်အေးအေးတို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။**

အခမ်းအနားသို့ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ဇနီး၊ အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီး ရန်နိုင်ဦး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ၎င်းတို့၏ ဇနီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ရန်ကုန်တိုင်းဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ(အငြိမ်းစား)၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ၎င်းတို့၏ဇနီးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အားကစားဝါသနာရှင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်း ၄၄ သင်းမှအားကစားသမားများက ကွင်းအတွင်းနေရာယူကြသည်။

### ပါဝင်ယှဉ်ပြိုင်

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဘောလုံးပြိုင်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီးပြိုင်ပွဲဝင် အားကစားသမားများအား အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ပါဝင်ယှဉ်ပြိုင်ကြရန် မှာကြားသည်။

ဆက်လက်၍ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ကိုရွတ်ဆိုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင် ကျောင်းသူကလေးများက တီးခတ်ကပြဖျော်ဖြေကြသည်။

### ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီးဒေါ်ခင်သက်ဌေး၊ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်နှင့်ဇနီး ဒေါ်အေးအေးတို့နှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအဖြစ် လှိုင်မြို့နယ်ဘောလုံးအသင်းနှင့်မရမ်းကုန်းမြို့နယ်ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြပုံများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ ဘောလုံးအသင်း ၄၄သင်းပါဝင်ယှဉ်ပြိုင်ကြပြီးပြိုင်ပွဲကို ဒီဇင်ဘာ ၁၅ရက်အထိ ဖန်လေးဖန်ခွဲ၍ ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**



သဃ်န်းကျွန်းမြို့နယ် ရေးဟောင်းသမိုင်းဝင် ကျိုက်ဒေးယျုံ(ရန်ကုန်)အာနန္ဒာစေတီတော်မြတ်ကြီး၏ **သီတင်းကျွတ်ဆီမီး ၃၀၀၀၊ ပန်း ၃၀၀၀ ပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့ ညနေက ဘုရားကြီးပရဝဏ်အတွင်း ကျင်းပရာ ဘုရားကြီးဝေယျာဝစ္စလူငယ်များ မီးပုံးပျံများလွှတ်တင်၍ မီးမြင်းမိုရ်ပွဲကို ကျင်းပကြစဉ်။** (က–ပ)

# ရွှေမြင့်မိုရ်ကျောင်းတိုက် မိုးကုတ်တရားစခန်းဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၇**

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်ဩဘာသ (မိုးကုတ်ဝိပဿနာ ဓမ္မကထိက)သည် တောင်ဥက္ကလာပမြို့နယ်(၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ နိုဝင်ဘာ ၁၁ရက်မှ ၂၀ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ဖုန်း–၀၁–၅၇၁၂၅၈သို့ဖြစ်စေ အောက်တိုဘာ ၁၇ရက် အရောက် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

# မော်လမြိုင် ဓမ္မရက္ခိတဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၇**

မော်လမြိုင်မြို့ ဈေးချို တောင်ဝိုင်းရပ် ဓမ္မရက္ခိတမိုးကုတ်ရိပ်သာကြီးတွင် (၁၅)ကြိမ်မြောက် ဘုံကထိန်သင်္ကန်းလှူပွဲကို (၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့) နိုဝင်ဘာ၂၆ရက်(သောကြာနေ့)နံနက်၇နာရီတွင် နည်လှည့်ဓမ္မကထိက လူမှုထူးချွန်(ဒု/တတိယဆင့်)ချင်းတွင်း အရှင်ကလျာဏဆရာတော်ထံ ကထိန်သင်္ကန်းများလှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုသူစေတနာရှင်များ အထက်ပါကျောင်းတိုက်သို့ လာရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က–ပ)**

# ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင် ရှေးဟောင်းသုတေသနလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၇

**ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန် လိုက်ပါလျက် နိုဝင်ဘာ၅ရက်တွင် ပြည်မြို့သို့ရောက်ရှိပြီး သရေခေတ္တရာ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း ဆောက်လုပ်နေမှုကို ကြည့်ရှုသည်။**

ထို့နောက် ရှင်းလင်းဆောင်၌ အင်ဂျင်နီယာ ဦးသန်းအေးက အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုကိုလည်းကောင်း၊ သင်တန်းကျောင်း ကျောင်းအုပ် ဦးလှကြီးမောင်မောင်က ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းပြုစုပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ သင်တန်းရေးရာဌာနမှူး ဦးနိုင်ဝင်းက ကျောင်းဝင်းအတွင်း သစ်ပင်ပန်းပင်များ စိုက်ပျိုးပြီးစီးမှု၊ လမ်းခင်းပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### အရည်အသွေးကောင်းမွန်

တင်ပြချက်များအပေါ် ဝန်ကြီးက ညှိနှိုင်းဆွေးနွေးမှာကြားပြီး စာသင်ဆောင်၊ ဓာတ်ခွဲခန်းဆောင်၊ စတိုဆောင်၊ ဆရာ ဆရာမများဆောင်နှင့် ဧည့်ရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ အရည်အသွေး ကောင်းမွန်ပြီး ခိုင်ခံ့အောင် ဆောက်လုပ်ရေး မှာကြားသည်။

### တင်လှူပူဇော်

ဝန်ကြီးသည် နိုဝင်ဘာ ၆ရက် နံနက်တွင် ရှေးဟောင်းသမိုင်းဝင် မဟာဇေယျာအောင်စကြာ စေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲ သို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့်အတူ တက်ရောက်ပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံဆင့်တို့ကို တင်လှူပူဇော်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ရွှေတောင်မြို့နယ် ဖိုးသိန်းတန်ရွာအနီးရှိ ရှေးဟောင်းသိမ်တော်ကြီးနှင့် ရုပ်ပွားတော် ၈၀ ဖြင့် ထုလုပ်ပူဇော်ထားသော မဟာရံ အုတ်တံတိုင်းပြုပြင်နေမှု လုပ်ငန်းခွင်သို့ သွားရောက်သည်။

### ကြည့်ရှုစစ်ဆေး

ဝန်ကြီးအား ရှေးဟောင်း သုတေသနဦးစီးဌာနမှ ထိန်းသိမ်းရေး အင်ဂျင်နီယာ ဦးတင်စိုးက ရှေးဟောင်း သိမ်တော်ကြီး ပြန်လည်ပြုပြင်တည်ဆောက်မည့် ပုံစံဒီဇိုင်းများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး ရုပ်ပွားတော်များ ပြန်လည် ပြုပြင်ထိန်းသိမ်းပြီးစီးမှုကိုကြည့်ရှုစစ်ဆေးကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

# ပြင်ဦးလွင်ခရိုင် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၇**

ပြင်ဦးလွင်ခရိုင်အတွင်းရှိ အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းများအား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ်က ထောက်ပံ့သည့်ထောက်ပံ့ငွေပေးအပ်ပွဲကို အောက်တိုဘာ၃၁ရက် နံနက်၁၀နာရီတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြင်ဦးလွင်ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်၊ အတွင်းရေးမှူး ဗိုလ်မှူးဇော်ညွန့်နှင့် ကော်မတီဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသက်(၇၅)နှစ်နှင့်အထက်စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြသည်။

### ထောက်ပံ့ပေးအပ်

ရှေးဦးစွာ ခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ်က ထောက်ပံ့သည့် ထောက်ပံ့ငွေများကို အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်း၁၄ဦး၊ မိသားစုဝင်ကိုယ်စားလှယ်၁၄ဦး၊ စုစုပေါင်း၂၈ဦးတို့အား ထပ်ဆင့်ထောက်ပံ့ပေးအပ်သည်။

ထို့နောက် စစ်မှုထမ်းဟောင်းများကိုယ်စား ဗိုလ်ကြီးထွန်းကြိုင်(အငြိမ်းစား)က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျေးလက်ဒေသ သောက်သုံးရေဖူလုံရေး စေတနာရှင်များလှူဒါန်းနိုင်

**ရန်ကုန် နိုဝင်ဘာ ၇**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက် ပေ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

### ဆက်သွယ်လှူဒါန်းနိုင်

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၁–၂၄၅ ၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၁–၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း–၀၁–၂၈၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၇၁–၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၆၃–၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၂–၅၄၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။ **(နယ်စပ်စည်ပင်)**

# အိုင်တီဖွံ့ဖြိုးရေးစာမေးပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၇**

IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF)က ကြီးမှူးကျင်းပမည့် Japan-Myanmar Cross Certification (JITEC) စာမေးပွဲကို နိုဝင်ဘာ၂၇ရက်(စနေနေ့) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အိုင်တီပညာရပ်တွင် လုပ်ဆောင်နေသူ မည်သူမဆို နိုဝင်ဘာ၂၀ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF)ရုံး ဖုန်း–၇၀၇၅၀၃၊ ၆၅၂၃၀၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

# ငွေပဒေသာပင်လှူဒါန်း

**သဃ်န်းကျွန်းမြို့နယ် (၁၆)ရပ်ကွက် အပိုင်း ၃ ပုညကုသလယုဝလူငယ်များနိဗ္ဗာန်ဆော်အဖွဲ့၏ (၁၃)နှစ်မြောက် ဆွမ်းအောင်ပွဲအထိမ်းအမှတ်အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို အောက်တိုဘာ ၂၈ရက်က လှူဒါန်းရာ ဆေးရုံ ဒုတိယအုပ်ချုပ်ရေးမှူးဦးစိုးဝင်း လက်ခံယူစဉ်။** (က–ပ)





# ငွေကျပ်သုံးသိန်းလှူဒါန်း

**ဗုဒ္ဓကလျာဏယုဝအသင်း နှစ် ၁၀၀ပြည့်ပွဲတော်ကျင်းပရေးကော်မတီသို့ အလှူရှင်ဦးစိန်လှအောင်–ဒေါ်ညွန့်ညွန့်ဝင်းမိသားစု (ထွန်းနေလင်း သစ်စက်)တာမွေမြို့နယ်က အလှူငွေကျပ်သုံးသိန်းလှူဒါန်းပွဲကို နိုဝင်ဘာ ၆ ရက်က အသင်းခန်းမ၌ကျင်းပရာ အသင်းအထွေထွေအတွင်းရေးမှူး ဦးစိန်သန်းသို့ ပေးအပ်စဉ်။** (၃၅၂)

**ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ပြည်သူများသန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်းတူးဖော်မှု ကွဲကုန်းကျေးရွာ၌ဆောင်ရွက်ခဲ့ရာ ရေထွက်ရှိသဖြင့် လေမှုတ်စက်တပ်ဆင်ပြီး စမ်းသပ်လည်ပတ်မှုကို အမှုဆောင်အရာရှိဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးလွင်ဦးတို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



# စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး

**"လွတ်လပ်ရေးရပြီးနောက် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအခြေအနေများကို ဆန်းစစ်ပြီးရရှိခဲ့သော သင်ခန်းစာများကြောင့် အနာဂတ်မှာ ဒီမိုကရေစီကျင့်စဉ်ကို တန်ဖိုးရှိရှိ၊ စည်းကမ်းရှိရှိ ကျင့်သုံးနိုင်အောင် ပဓာနကျသော အခြေအနေသုံးရပ်ကို ပြည့်စုံအောင် အားထုတ်ကြရမှာဖြစ်သည်။ နိုင်ငံတော်အေးချမ်း တည်ငြိမ်အောင်ဆောင်ရွက်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားရေး ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ရေးနှင့် အမျိုးသားပညာရည်မြင့်မားအောင် ဆောင်ရွက်ရေး"တို့ပင်ဖြစ်သည်။**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း
၂၀၀၃ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးတွင်
မြွက်ကြားသည့်သြဝါဒစကားမှ ကောက်နုတ်ချက်။

**အစဦးအလာ**

မြန်မာတစ်မျိုးသားလုံးသည် အမျိုးသားလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အစဦးကာကွယ်ထိန်းသိမ်း စောင့်ရှောက်နေကြသူများ ဖြစ်လေသည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ရစဉ်ကလည်း အသက်သွေးပေါင်းများစွာ စွန့်လွှတ်၍ နယ်ချဲ့တို့ကို တွန်းလှန်ကာ လွတ်လပ်ရေးကို မရမနေရအောင်ယူခဲ့ကြ၏။ လွတ်လပ်ပြီးသောအခါတွင်လည်း အမျိုးသားရေး အချုပ်အခြာအာဏာကို မည်သည့်အန္တရာယ်မှ မကျူးကျော် မစွက်ဖက်နိုင်အောင် အစဉ်တစိုက် ကာကွယ်နိုင်ခဲ့ကြသည်။ အနာဂတ်ကာလတွင်လည်း ကမ္ဘာတည်သရွေ့ လွတ်လပ်ရေးတည်တံ့ခိုင်မြဲအောင် စွမ်းဆောင်သွားကြလိမ့်မည်ဖြစ်ပေသည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးအတွက် အသက်တမျှအရေးကြီးလှ၏။ အလားတူပင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက အပြည့်အဝပူးပေါင်း လက်တွဲပြီး ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အခြေခံလျက် ဦးတည်ချက်များ ချမှတ်ဆောင်ရွက် လျက်ရှိ၏။

**ပညာခေတ်**

မျက်မှောက်ခေတ်တွင် နိုင်ငံသူနိုင်ငံသားများ အသိအမြင်ဗဟုသုတနှင့် အတတ်ပညာ၊ နည်းပညာများ မြင့်မားပြည့်ဝစေဖို့ အဓိကလိုအပ်သည်။ လူနေမှုဘဝ၊ စီးပွားရေးဘဝတွင် ပညာရေး၊ ကျန်းမာရေးများကို မြှင့်တင်နေကြသကဲ့သို့ **လူတစ်ဦးချင်းစီ၏ အတွေးအခေါ်အမြော်အမြင်၊ ကျွမ်းကျင်တတ်မြောက်မှုများလည်း ခေတ်နှင့်အညီ ဖွံ့ဖြိုးရင့်သန်ကြရပါလိမ့်မည်။ ယင်းကိုပင် ဉာဏ်ပညာအရာ ခေတ်မီခြင်းဟု ဆိုရမည်။ လူတို့၏ အသိအမြင်ဗဟုသုတခေတ်နောက်မကျစေရန်မှာ မိတ်ဆွေကောင်းနှင့် ပေါင်းဖော်ရပေလိမ့်မည်။ စာအုပ်စာပေသည် လူ့မိတ်ဆွေဖြစ်ပေသည်။ စာအုပ်များကို တစ်ဦးတစ်အိမ်တည်းက အများကြီးငွေကုန်ကြေးကျခံပြီး ဝယ်ယူဖတ်ရှုနေရန်ထက် ရပ်ကွက်၊ သို့မဟုတ် ရပ်ရွာက အများစုပေါင်းပြီး စာဖတ်အသင်း၊ စာကြည့်တိုက်ကို စုစည်းတည်ထောင်လျှင် ပိုမိုသက်သာ လွယ်ကူသည်။ လူအများက စာအုပ်များစွာကို တန်ဖိုးအခချိုသာစွာဖြင့် ဖတ်ခွင့်ရကြမည်။ ပညာဗဟုသုတကို အလွယ်တကူ ပြန့်ပွားစေနိုင်မည်။** ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ပေါက်လာလျှင် မည်သည့်အကျိုးကျေးဇူးများရရှိလာမည်နည်း။

**စာကြည့်တိုက်၏ကျေးဇူး**

၁။ ကျေးလက်နေ လူကြီးလူငယ်တို့ အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်ကြမည်၊
၂။ စာပေဖတ်ရှု လေ့လာခြင်းအားဖြင့် အသိပညာ၊ ဗဟုသုတ တိုးပွားလာမည်၊ အမြင်ကျယ်မည်၊
၃။ အမှန်အမှား၊ အကောင်းအဆိုး၊ အကျိုးအပြစ်တို့ကို ဝေဖန်ပိုင်းခြားတတ်လာမည်။ အကျိုးအရှိဆုံး ဆုံးဖြတ်ချက်မျိုးကို ရွေးချယ်တတ်ကြမည်၊
၄။ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေပါသည်၊
၅။ ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရား ကောင်းမွန်စေပါသည်၊
၆။ နိုင်ငံတော်ကို အကျိုးပြုမည့် သားကောင်းသမီးကောင်းများ ပေါ်ထွန်းလာစေပါသည်။

နိုင်ငံတကာ အားကစား၊ ပန်းချီ၊ ဂီတ၊ အနုပညာ၊ စာပေစသည်တို့ကို ထိတွေ့လေ့လာ သိမြင်နိုင်သည်နှင့်အမျှ မိမိတိုင်းပြည်နှင့် လူမျိုး၏အကျိုးကို ပိုမိုထိရောက်စွာ ဖြည့်စွမ်းနိုင်လာကြမည် ဖြစ်ပါသည်။ အရှိန်အဟုန်ပြင်းစွာ ပြောင်းလဲဖြစ်ပေါ်နေသော သိပ္ပံနှင့်နည်းပညာများ၊ တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ် ရိုက်ခတ်မှုများကို သိမြင်နေကြပါလိမ့်မည်။

**ရေရှည်ခိုင်မြဲစေရန်**

ဤကဲ့သို့အကျိုးရှိလှသည့် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ကို ရေရှည်တည်တံ့ခိုင်မြဲစေရန်ဆောင်ရွက်သင့်သော အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၁။ ကော်မတီတစ်ခု(အဖွဲ့အစည်း) ဖွဲ့စည်းပြီးတာဝန်များရေးဆွဲချမှတ်ထားပါ၊
၂။ နေရာ၊ အဆောက်အအုံရွေးချယ်ပါ၊
၃။ တာဝန်ခံတစ်ဦးသတ်မှတ်တာဝန်ပေးပါ၊ (လစာ၊ သို့မဟုတ် ထောက်ပံ့ကြေးပေးနိုင်လျှင် သင့်လျော်စွာပေးသင့်ပါသည်။)

## ချစ်နိုင်(စိတ်ပညာ)

၄။ စာအုပ်များစုဆောင်းပါ။ စာရင်းသွင်းမှတ်ပါ၊
၅။ ပရိဘောဂများစုဆောင်းပါ၊
၆။ ရန်ပုံငွေထူထောင်ပါ။ အသင်းဝင်ကြေး၊ လစဉ်ကြေး၊ လှူဒါန်းငွေစသော ဝင်ငွေများနှင့် ရေခဲ၊ မီးခ၊ စာအုပ်ဝယ်ခြင်းစသည့် အသုံးစာရင်းများကို စနစ်တကျထိန်းသိမ်းရပါမည်၊
၇။ စာအုပ်များငှားပေးရမည်။

**ဖွဲ့စည်းပုံ**

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကော်မတီတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းသင့်ပါသည်။

၁။ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊
၂။ စာပေကိုချစ်မြတ်နိုးသူ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊
၃။ စာပေဝါသနာထုံသူများ၊ အလှူရှင်များ၊

လူတစ်ဦးချင်းစီ၏ အတွေးအခေါ်အမြော်အမြင်၊ ကျွမ်းကျင်တတ်မြောက်မှုများလည်း ခေတ်နှင့်အညီ ဖွံ့ဖြိုးရင့်သန်ကြရပါလိမ့်မည်။ ယင်းကိုပင် ဉာဏ်ပညာအရာ ခေတ်မီခြင်းဟု ဆိုရမည်။ လူတို့၏ အသိအမြင် ဗဟုသုတ ခေတ်နောက်မကျစေရန်မှာ မိတ်ဆွေကောင်းနှင့် ပေါင်းဖော်ရပေလိမ့်မည်။ စာအုပ်စာပေသည် လူ့မိတ်ဆွေဖြစ်ပေသည်။ စာအုပ်များကို တစ်ဦးတစ်အိမ်တည်းက အများကြီး ငွေကုန်ကြေးကျခံပြီး ဝယ်ယူဖတ်ရှုနေရန်ထက် ရပ်ကွက်၊ သို့မဟုတ် ရပ်ရွာက အများစုပေါင်းပြီး စာဖတ်အသင်း၊ စာကြည့်တိုက်ကို စုစည်းတည်ထောင်လျှင် ပိုမိုသက်သာလွယ်ကူသည်။ လူအများက စာအုပ်များစွာကို တန်ဖိုးအခ ချိုသာစွာဖြင့် ဖတ်ခွင့်ရကြမည်။ ပညာဗဟုသုတကို အလွယ်တကူ ပြန့်ပွားစေနိုင်မည်။

၄။ ပုံမှန်စည်းဝေးပြီး စာကြည့်တိုက်၏ အခြေအနေကိုလစဉ်သုံးသပ်ရန်နှင့် တိုးတက်ခိုင်မာအောင် ဆောင်ရွက်ကြရန် တာဝန်ယူနိုင်သူများ။

**တာဝန်ခံတစ်ဦး**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်တိုးတက်ရေးသည် တာဝန်ခံဆောင်ရွက်သူ၏ စေတနာ၊ ဝါသနာနှင့် နားလည်ကျွမ်းကျင်မှုအပေါ် တည်မှီနေပါသည်။ အောက်ပါပုဂ္ဂိုလ်များကို စဉ်းစားနိုင်ပါသည်။

၁။ စာကြည့်တိုက်၊ စာဖတ်ဝါသနာပါသူ၊
၂။ စာပေတန်ဖိုးကို နားလည်သူ၊
၃။ စာကြည့်တိုက်လုပ်ငန်းကို နှစ်သက်၍ အချိန်ပေးနိုင်သူ၊
၄။ ရုံးလုပ်ငန်းသဘောကို နားလည်သူ (ပြန်ကြားရေးဌာနက အခါအားလျော်စွာ သင်တန်းပေး၍ ခေါ်ယူလေ့ကျင့်ပေးနေကြပါသည်။ အလှည့်ကျ စေလွှတ်သင့်ပါသည်။)
၅။ အများအကျိုးကို ဆောင်ရွက်တတ်သူ။

**နေရာနှင့် အဆောက်အအုံ**

စာကြည့်တိုက် အဆောက်အအုံ သီးခြားဆောက်လုပ်နိုင်လျှင်ကောင်းပါသည်။ ထိုသို့မရသေးမီ အောက်ပါနေရာများတွင်ဖွင့်လှစ်ရန် စဉ်းစားသင့်ပါသည်။

၁။ ရပ်ကွက်ရုံးမှ ရုံးခန်းတစ်နေရာ၊
၂။ စာသင်ကျောင်းမှာ၊
၃။ ဘုန်းတော်ကြီးကျောင်းမှာ၊
၄။ လူမှုရေးအသင်းအဖွဲ့ အဆောက်အအုံတစ်ခုခုမှာ၊
၅။ အများဝင်ထွက်သွားလာရန် လွယ်ကူစေနိုင်မည့်နေရာ။

**စာအုပ်ရရှိရေး**

စာအုပ်စုဆောင်းရာတွင် လူအများကို အကျိုးပြုမည့် စာအုပ်မျိုး၊ လူကြိုက်များသည့် စာအုပ်မျိုးကို များများဖြည့်တင်းပြီး မိမိတို့ရပ်ရွာနှင့် ကိုက်ညီဆီလျော်သောစာအုပ်ကို ဦးစားပေးဝယ်ယူသင့်ပါသည်။

၁။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်နှင့် မြို့နယ်ရုံးများနှင့် ဆက်သွယ်၍ စာအုပ်များ တောင်းခံခြင်း၊
၂။ အာဏာပိုင် အဖွဲ့အစည်းများက ရန်ပုံငွေဖြည့်တင်း ထောက်ပံ့ပြီး ဝယ်ယူပေးခြင်း၊
၃။ ရပ်နီးရပ်ဝေး(မွေးဇာတိမှ အဝေးရောက်ပြီး ကြီးပွားအောင်မြင်နေသော ပုဂ္ဂိုလ်များ အပါအဝင်) စေတနာရှင်များထံ ဆက်သွယ် အလှူခံခြင်း၊
၄။ ရန်ပုံငွေမှ သုံးစွဲဝယ်ယူခြင်း၊
၅။ စာဖတ်သူများကိုယ်တိုင်က နှစ်သက်ရာကို ဝယ်ယူဖတ်ရှုပြီး လှူဒါန်းခြင်း။

**ပရိဘောဂ**

ကျေးရွာလူထု တစ်အိမ်တစ်ခု စုပေါင်းထည့်ဝင်ခြင်းဖြင့် အောက်ပါ ပရိဘောဂများ ရရှိနိုင်ပါသည်။

၁။ သေတ္တာ၊
၂။ စာအုပ်စင်၊
၃။ ဗီရို၊
၄။ စားပွဲ၊
၅။ ကုလားထိုင်များ၊ ခုံတန်းလျားများ၊
၆။ ဖျာ၊ သင်ဖြူး။

**ရန်ပုံငွေ**

၁။ စေတနာရှင်များက မတည်ထည့်ဝင်ခြင်း၊
၂။ စုပေါင်းလှူဒါန်းခြင်း၊
၃။ ဝင်ငွေရရှိနိုင်မည့် လုပ်ငန်းတစ်ရပ်ကို ကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်း၊ စနစ်တကျ စာရင်းထားရှိပြီး ထိန်းသိမ်းခြင်း။

**ရေရှည်တည်တံ့ရေး**

စာကြည့်တိုက်တာဝန်ခံသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စာကြည့်တိုက်သည် တိုးတက်ခိုင်မာလာမည်ဖြစ်ပါသည်။

၁။ စုဆောင်းရရှိသော စာအုပ်များကို မှတ်ပုံတင်အဝင်စာရင်းသွင်းယူ ထိန်းသိမ်းရမည်၊
၂။ စာဖတ်သူ၊ စာငှားသူဖတ်လိုသည့် စာအုပ်ကို စနစ်တကျ စာရင်းရေးမှတ်ပြီးငှားရမည်၊
၃။ စာအုပ်များ ရေရှည်အသုံးပြုနိုင်အောင် အဖုံး၊ အကာစသည်ဖြင့် ပြုပြင်၊ ချုပ်လုပ်ထိန်းသိမ်းသင့်သည်၊
၄။ စေတနာရှင်၊ အလှူရှင်များ တိုးပွားလာအောင် စည်းရုံးသင့်သည်။ တိုးတက်မှုလည်းပြသရသည်၊
၅။ စာကြည့်တိုက်လုပ်ငန်းကို လေ့လာဆည်းပူးသင့်သည်၊
၆။ တရားဝင်မှတ်ပုံတင်စာကြည့်တိုက်ဖြစ်အောင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရမည်၊
၇။ စာအုပ်၊ ပရိဘောဂ၊ အဆောက်အအုံစသည့်တို့ကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းသွားသင့်သည်။

ယခုအခါ ရပ်ကွက်ပေါင်းများစွာ၊ ကျေးရွာပေါင်းများစွာ အရေအတွက်ထောင်သောင်းချီကာ ပြည်သူလူထုနှင့် ရပ်ကွက်/ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအသီးသီးသည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို အားတက်သရော ထူထောင်မြှင့်တင်နေကြကြောင်း ကြားသိရပါသည်။ တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို ခွဲ၊ လုံ့လနှင့် ဉာဏ်ပညာ စုပေါင်းညီညာမှုတို့ဖြင့် ဆောင်ရွက်ကြလျှင် အလွယ်တကူ အောင်မြင်ထမြောက်စမြဲ ဖြစ်ပါသည်။ စိတ်ပါဝင်စား၊ စိတ်အားထက်သန်စွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၉၉၉၆)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

**ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။**

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**



လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး တာချီလိတ်မြို့နယ် ဝမ်ကျောက်လုံကျေးရွာရှိ လိမ္မော်ခြံတွင် ဈေးကွက်သို့တင်ပို့ရန် အဆင့်မီအရည်အသွေးကောင်း ပျားလိမ္မော်များ အတန်းအစားခွဲခြားဆောင်ရွက်မှုကို ကြည့်ရှုစဉ်။ (သတင်း-ဖော်ပြပြီး) (လယ်ယာ/ဆည်မြောင်း)

# အမှတ်(၁)စက်မှုဝန်ကြီးဦးအောင်သောင်း စက်ရုံများစစ်ဆေး အရည်အသွေးမီပစ္စည်းများ ဈေးကွက်ဝင်အောင်ထုတ်လုပ်ရေး မှာကြား

ရန်ကုန် နိုဝင်ဘာ ၇

**အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် နိုဝင်ဘာ၅ရက်နံနက်ပိုင်းက မြောက်ဥက္ကလာပမြို့နယ်ရှိ ပလတ်စတစ်စက်ရုံအမှတ်(၁)သို့ရောက်ရှိပြီး မြေရေခွဲပလတ်စတစ်အိတ်၊ဘိလပ်မြေအိတ်၊ ရောင်စုံယင်းလိပ်၊ ပလတ်စတစ်ရှီတင်ထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံအဝင်မြေကွက်လပ်၌ ဝင်းသူဇာပစ္စည်းအရောင်းဆိုင် ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။**

### အလုကုန်ပစ္စည်းစက်ရုံ

ထိုမှတစ်ဆင့် သုဝဏ္ဏအလုကုန် ပစ္စည်းစက်ရုံသို့ရောက်ရှိပြီး သွားတိုက်ဆေး၊ ကိုယ်လိမ်းပေါင်ဒါ၊ ခေါင်းလိမ်းဆီနှင့် ရေမွှေးထုတ်လုပ်မှု၊ ပလတ်စတစ်ဘူးခွံထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေး၍ အရည်အသွေးမီပစ္စည်းများကို ဈေးကွက်ဝင်အောင် ထုတ်လုပ်ဖြန့်ဖြူးသွားရေးနှင့်ဘူးခွံအပြင်အဆင်များကို အစဉ်တီထွင် ဆောင်ရွက်သွားရန်မှာကြားသည်။

### စက်ဘီးစက်ရုံ

ဆက်လက်၍ ဝန်ကြီးသည် စက်ဘီးစက်ရုံ (ရန်ကုန်)သို့ရောက်ရှိပြီး စက်ဘီး၊ ဆိုက်ကားနှင့် ကုန်တင်လှည်းထုတ်လုပ်မှုများနှင့် စက်ဘီးစက်ရုံ (ရန်ကုန်)တိုးချဲ့စီမံကိန်းအတွက် ရောက်ရှိနေသော စက်ပစ္စည်းများ ထားသိုမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

### မှာကြား

ဝန်ကြီးသည် စက်ရုံများသို့ရောက်ရှိ စစ်ဆေးစဉ် စက်ရုံပိုင်မြေကွက်လပ်များ၌ ဝန်ထမ်းသက်သာ ချောင်ချိရေးအတွက် သီးပင်၊ စားပင်များစိုက်ပျိုးရေးနှင့် ကြက်၊ ဝက်၊ ဘဲမွေးမြူရေးတို့ကို ဖြစ်ထွန်းအောင် ဆောင်ရွက်သွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စာရေးတံမဲနှင့်တရားပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်တိုင်း သာကေတမြို့နယ် ၁၀/စံပြဉယျာဉ်ဈေးနှင့်လဟာပြင်ဈေး မိသားစု၏ စာရေးတံမဲ၊ ဆွမ်းအောင်ပွဲနှင့် တရားပွဲများ ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ၉ရက်တွင် ဘဒ္ဒန္တကောသလ္လ (ဓမ္မစေတီ ဆရာတော်)၊ ၁၀ရက်တွင် ဘဒ္ဒန္တကောဝိဒ (မဇ္ဈိမဂုဏ်ရည်ဆရာတော်)၊ ၁၁ရက်တွင် ဘဒ္ဒန္တအင်္ဂီသ (ပါဠိကာရီဆရာတော်)နှင့်၁၂ရက်တွင် အရှင်သီရိန္ဒာဘိဝံသ(ယောဆရာတော်)တို့က ညစဉ် ၇နာရီခွဲမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည် ဖြစ်သည်။ **(က-ပ)**

## မဟာသရဏဂုံတော်ကြီးသင်တန်း

**ရန်ကုန် နိုဝင်ဘာ ၇**

ပရိယတ္တိစာပေ ကျွမ်းကျင်မှု အားနည်းနေကြသည့် ကလျာဏပုထုဇဉ်လူပုဂ္ဂိုလ်အပေါင်းအား လွယ်ကူစွာ ဖတ်ရှု နားလည်ပြီး ရွတ်ဖတ်ပွားများပါက ပစ္စုပ္ပန်မျက်မှောက်ဘဝမှာပင် ဆင်းရဲဒုက္ခ ဘေးအန္တရာယ်အပေါင်းမှ လျော့ပါးကင်းဝေးစေပြီး နောင်ဘဝမှာလည်း အပါယ်လေးဘုံကို မကျရောက်ကြရန် လယ်တီဆရာတော်ကြီးက စေတနာမှန်၊ သဘောထားမှန်ဖြင့် ပိဋကတ်သုံးပုံမှ အနှစ်ထုတ်ရေးသားသော မဟာသရဏဂုံ တော်ကြီးသင်တန်းကို ဆရာကြီးဦးချမ်းသာ (အဘိဝံသ သိရီပဝရ၊ ဓမ္မာစရိယ ပါဠိပါရဂူ အစိုးရ ဒီဃဘာဏက) ဓမ္မဗိမာန်စာပေဆုရက နိုဝင်ဘာ ၁၃ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ အပတ်စဉ်(စနေ၊တနင်္ဂနွေ)နေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ၃ နာရီအထိ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အာဇာနည်လမ်း ဗဟန်းမြို့နယ်ရှိ ရှင်သာမဏေဓမ္မဗိမာန် ဓမ္မာရုံတွင် သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## ရှင်သာမဏေဓမ္မဗိမာန် တရားစခန်း

**ရန်ကုန် နိုဝင်ဘာ ၇**

ကျေးဇူးရှင်လယ်တီဆရာတော်၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီသမထဝိပဿနာတရားတော်များကို ဓမ္မရသ ရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ(ဒလ-အုံ့ကြီး)က ရွှေတိဂုံဘုရားအရှေ့ဘက် အာဇာနည်လမ်းရှိ ရှင်သာမဏေဓမ္မဗိမာန်တွင် နိုဝင်ဘာ ၈ရက်မှ နိုဝင်ဘာ၁၄ရက်အထိ ညနေ ၅ နာရီမှ ၆နာရီခွဲအထိဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆိုလာရောက်တရားအားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

## ဆီမီး ၅၀၀၀ ပန်း ၅၀၀၀ ကပ်လှူပူဇော်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၇**

အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကကြီးမှူးကျင်းပသော ဆီမီး၅၀၀၀၊ ပန်း ၅၀၀၀ ပူဇော်ပွဲကို အောက်တိုဘာ ၂၇ရက်မှ ၂၉ရက်အထိ ညစဉ် ၆နာရီမှ ၉နာရီအထိ မြို့နယ်အတွင်းရှိ အောင်ဆန်းရပ်ကွက် မဟာမြိုင်ကျောင်းတိုက်၊ စဥ့်ငူရပ်ကွက် မင်္ဂလာသီဟကျောင်းတိုက်၊ ရွာမအနောက်ရပ်ကွက် ဆရာတော်ကြီးကျောင်းတိုက်၊ပေါက်တောရပ်ကွက် ဆုတောင်းပြည့်စေတီတော်တို့၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းသူအသင်းသားများနှင့် ပြည်သူများက စုပေါင်း၍ဆီမီးပန်းပူဇော်ပွဲကိုစည်ကားသိုက်မြိုက်စွာကျင်းပသည်။ **(က-ပ)**

## အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု သင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၇**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက ကြီးမှူးဖွင့်လှစ်ခဲ့သည့် The Most Proficient & Systematic Spoken and Written Modern English Training Course 4/2004 သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၅ရက် နံနက် ၁၀ နာရီက အဆိုပါလုပ်ငန်းဌာနရုံးချုပ် အစည်းအဝေးခန်းမဆောင်တွင် ကျင်းပရာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ကြည်ဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးကြည်ဝင်းက သင်တန်းသား၊ သင်တန်းသူ ၁၈ဦးတို့ကို သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး ထူးချွန်ဆုရ သင်တန်းသား၊ သင်တန်းသား ခုနစ်ဦးတို့ကို ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းကို ဝန်ထမ်းများ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုနှင့်အရည်အသွေးမြင့်မားရေးအတွက်ဇွန်၂၁ရက်မှ အောက်တိုဘာ၂၅ရက်အတွင်း စီစဉ်ဖွင့်လှစ်ပေးခဲ့ပြီး အမှတ်စဉ် (၅/၂၀၀၄)သင်တန်းကို လာမည့် ဒီဇင်ဘာ၁ရက်တွင် ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်းသိရသည်။ **(က-ပ)**

**ရန်ကုန် အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အောက်တိုဘာ ၂၀ရက်က လသာမြို့နယ် အမှတ်(၈) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် အလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲနှင့် ဟောပြောပွဲ ကျင်းပရာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိဦးစိန်တိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ရပ်ကွက်အဖွဲ့ဝင်(၁) ဦးမောင်နီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)



## အလှူငွေကျပ်တစ်သိန်းလှူ

**အောက်တိုဘာ၂၀ရက်က အမှတ် ၁၇(က)၊ အနောက်ရွှေဂုံတိုင်(၁)လမ်း၊ ဗဟန်းမြို့နယ် အောင်သုခမြန်မာထမင်းဆိုင်မှ ဦးအောင်မြင့်-ဒေါ်သုခ၊ သား မောင်သိန်းမြင့် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။** (က-ပ)





## ချီးမြှင့်

**ဗိုလ်တထောင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၂)၏ မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ၂၀၀၄-၂၀၀၅ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ငါးဘာသာ ဂုဏ်ထူးရှင် မခိုင်ဇင်ဝါအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းသွယ်က ဂုဏ်ပြုဆု ချီးမြှင့်စဉ်။** (က-ပ)

## သဃ်န်းကျွန်းမြို့နယ် မီးဘေးကာကွယ်ရေးလုပ်ငန်းများ ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှူး စစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၇**

သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကျော်သန်းဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရန်အောင်ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၃ရက်က ရန်အောင်ရပ်ကွက်သို့ မီးဘေးကြိုတင်ကာကွယ်ရေးများ အရှိန်အဟုန်မြှင့်တင် ကွင်းဆင်းစစ်ဆေး သတိပေးဆောင်ရွက်ခြင်းများကို တိုင်းမီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့် ဦးဆောင်သော စမ်းချောင်း၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ တာမွေ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊(တောင်ပိုင်း) မြို့နယ်များမှ မီးသတ်ဦးစီးအရာရှိများ ပါဝင်သောအဖွဲ့ လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ) (ဝ၅၂)**



❒ **ရှေ့ဖုံးမှ**

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့သည် ကျောက်ဆောင်မြေကြားကျေးရွာမှ တောင်သူဦးစံပေါ်စိုက်ပျိုးထားသည့် ကုန်းမြင့်(၂)ယာစပါးစံပြကွက်၌ ရိတ်သိမ်းခြွေလှေ့စက်များ အသုံးပြု၍ စပါးရိတ်သိမ်းနေမှု၊ ဒေသခံတောင်သူများက စပါးစုပေါင်း ရိတ်သိမ်းနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ ဒေသခံပြည်သူများအား ကလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်မောင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဝမ်းစာဖူလုံရေးအတွက် နွေစပါး၊ မိုးစပါး စိုက်ပျိုးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြေကြားကျေးရွာမှ တောင်သူ ဦးစံကျော်က ၎င်း၏လယ်မြေအတွင်း ကုန်းမြင့်(၂)ယာစပါးကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် မြို့နယ်တစ်မြို့နယ်ချင်းစီ၏ ဧရိယာအကျယ်အဝန်းအလိုက် စိုက်ပျိုးမြေများ၌ စပါး၊ ဆီထွက်သီးနှံ၊ စားသုံးသီးနှံစိုက်ပျိုးထားရှိမှု၊ အဓိကသီးနှံ ၁၀မျိုး၊ ဒေသတွင်းဖြစ်ထွန်းသီးနှံ အမျိုး၂၀ စိုက်ပျိုးဆောင်ရွက်မှုအခြေအနေများ၊ အထွက်နှုန်းကောင်းမွန်သော ရွှေရင်အေးစပါးနှင့် ကုန်းမြင့်(၁)၊ (၂)ယာစပါးမျိုးများကို တောင်သူများ လက်ဝယ်သို့ရောက်ရှိရေး ဆောင်ရွက်ပေးနေမှု၊ ပြည်နယ်၏ဒေသဝမ်းစာဖူလုံမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အမှာစကားပြောကြား**

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့သည် ဒေသထွက် ဆန်နမူနာများကို ကြည့်ရှုစစ်ဆေးကာ တက်ရောက်လာကြသော ဒေသခံတောင် သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

**ကြည့်ရှုလေ့လာ**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများသည် ကလောမြို့နယ်ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ ရွှေ့ပြောင်းပျားမွေးမြူရေးစခန်းသို့ ရောက်ရှိကြရာ ပြည်နယ်ဦးစီးမှူး ဦးရဲနောင်က ပျားမွေးမြူပုံ၊ ပျားရည်ထုတ်လုပ်မှုအခြေအနေ၊ သီးနှံများဝတ်မှုန်ကူးရာတွင် ပျားများ၏အရေးပါပုံတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် ပျားရည်ထုတ်လုပ်နေမှု၊ ဌာနမှထုတ်လုပ်သော ပျားရည်များကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါဌာနပိုင် ပျားမွေးမြူရေးလုပ်ငန်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသတစ်ခုလုံး၌ ပျားသေတ္တာ ၃၀၀၀ဖြန့်ခွဲမွေးမြူလျက်ရှိပြီး တစ်ရာသီတွင် ပျားသေတ္တာတစ်ခုမှ ပျားရည် ၈ ပိဿာမှ ၁၅ ပိဿာအထိထွက်ရှိကာ ယခုနှစ်ပန်းနှမ်းနှင့် နေကြာရာသီတွင် ပျားရည်ပိဿာချိန် ၂၅၀၀၀ ခန့် ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့သည် ကလောမြို့နယ်ရှိ ဂျေဒီအက်စ်ကုမ္ပဏီလီမိတက် ပြောင်းဖူးစေ့အခြောက်ခံစက်ရုံသို့ ရောက်ရှိရာ စက်ရုံတာဝန်ခံ ဦးချစ်ကိုကိုနှင့်တာဝန်ရှိသူများက ကြိုဆိုကြပြီး ရှင်းလင်းဆောင်၌ စက်ရုံ၏ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှု၊ ပြောင်းအစေ့အခြောက်ခံပုံအဆင့်ဆင့်၊ စက်ရုံအတွက်ပြောင်းစိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန်ဓာတ်မြေသြဇာများ စုဆောင်းထားရှိမှုနှင့် ဒေသထွက်ပြောင်းစေ့များကို ဈေးကွက်သို့ တင်ပို့နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက မြေလွတ်မြေရိုင်းများတွင် ပြောင်းနှင့်ပန်းနှမ်းစသော ဈေးကွက်ဝင်သီးနှံများကို များများစိုက်၊ များများထုတ်လုပ်ကြရန် မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့သည် ကလောမြို့နယ် လွယ်မောကျေးရွာရှိ ရွှေရင်အေးစပါး စံပြဧက၂၀၀ စိုက်ကွက်သို့ ရောက်ရှိကြရာ ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာနှင့် တာဝန်ရှိသူများက စံပြစိုက်ကွက်နှင့်ပတ်သက်၍ ကောက်ပင်၊ကောက်ကွက်ပြည့်မီရေး ဆောင်ရွက်ထားရှိမှု၊ လိုအပ်သောမြေသြဇာများကို သတ်မှတ်နှုန်းထားနှင့်အညီ ထည့်သွင်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများသည် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး လမ်းစီမံကိန်းရုံး(ကလော-တောင်ကြီး-ဟိုပုံး)လမ်းအပိုင်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်က မိတ္ထီလာမှ တာကောအထိ ၂၈၃မိုင် ၄ဖာလုံကို မိတ္ထီလာ-ယင်းမာပင်၊ ယင်းမာပင်-ကလော၊ ကလော-မိုင်းပွန်၊ မိုင်းပွန်-တာကော၊ အပိုင်းလေးပိုင်းခွဲ၍ လမ်းချဲ့ခြင်း၊ ကျောက်ဆောင်ဖြိုခွဲခြင်း၊ လမ်းပေါက်ဖာထေးခြင်း၊ လမ်းညှိခြင်း၊ ကတ္တရာခင်းခြင်း၊ ရေမြောင်းတူးခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လမ်းအကျယ်ပေ(၄၀)ရှိရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လုပ်ငန်းဆောင်ရွက်ရာတွင် စေတနာထားဆောင်ရွက်ရေး၊ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာပြီးစီးရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး ဂရုပြုကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# ကန်တော်ကြီး သဘာဝဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) မြို့တွင်းအချက်အချာနေရာတွင်ရှိ

# တည်ဆောက်ရေးလုပ်ငန်းများခေတ်မီပုံစံများဖြင့် အမြန်ပြီးစီးရေးဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၇

**ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ၄ရက် မွန်းလွဲ၂နာရီက ကန်တော်ကြီးသဘာဝဥယျာဉ် မြေပဒေသာကျွန်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းစိုက်ပျိုးရေး ပြတိုက်၌ ကျင်းပရာ ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့်တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။**

ရှေးဦးစွာ ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့်တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ကန်တော်ကြီး သဘာဝဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တို့သည် ရန်ကုန်မြို့တွင်း၌ အချက်အချာကျသည့် နေရာတွင် တည်ရှိသဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နဂိုရှိပြီးသားသဘာဝအရင်းအမြစ်များ မပျက်စီးစေဘဲ ခေတ်မီပုံစံများဖြင့် အမြန်ပြီးစီးရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ချိန်ထက်စော၍ ပြီးစီးသည်နှင့်အမျှ ပြည်သူလူထုအတွက် သဘာဝပတ်ဝန်းကျင်၌ အဆင့်မြင့်စွာ အပန်းဖြေနိုင်မည်ဖြစ်၍ အမြန်ပြီးစီးရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန်နှင့် လိုအပ်ချက်များ ဆွေးနွေးတင်ပြကြရန် မှာကြားသည်။**(အပေါ်ပုံ)**

**ရှင်းလင်းတင်ပြ**

ထို့နောက် ကန်တော်ကြီး သဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက အဆင့်မြင့်စားသောက်ဆိုင်များ တည်ဆောက်ပြီးစီးမှုနှင့် ဖွင့်လှစ်နိုင်မှုအခြေအနေများကိုလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးရေးအတွက် ပံ့ပိုးကူညီပေးနေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူးဦးညွန့်ဖေက Relaxation Zone အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ Rock Garden နှင့် ပုပ္ပားတောင်ကလပ်ပုံစံတူ မျှော်စင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဝင်းက Central Forest Zone အတွင်း သစ်တောရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို လည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက Education Zone အတွင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ရေချိုငါးဥယျာဉ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို လည်းကောင်း၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက Recreation Zone အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ကန်တော်ကြီးရေပြင်၌ ရေပမာဏပိုမိုသိုလှောင်နိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ Wood Land Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်က အဆင့်မြင့်ရေကူးကန် တည်ဆောက်နေမှု အခြေအနေများကို လည်းကောင်း၊ ပြည့်စုံဝင်းနိုင်ကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဦးဝင်းနိုင်က ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်း Mono Rail အပျော်စီးရထား ပြေးဆွဲနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တွဲဖက်ပါမောက္ခ ဦးစန်းကြူက တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးစစ်ဆေး ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ သစ်တောရေးရာ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဘက်စုံ အဆင့်မြင့် တည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမျိုးညွန့်က Education Zone အတွင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဝိုင်းဝန်းအကြံပြု**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ အကြီးအကဲများက ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းများ အချိန်စောပြီးစီးရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**အောက်တိုဘာ ၂၃ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီဗဟိုရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် ကိုတင်မောင်ဆွေ (၃၃)နှစ် O/S CMT. Setia Jaya Samta Shipmanagement Pte.Ltd. Singaporeအားရည်စူး၍ဦးချစ်ဆွေ (လက်ထောက်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်တင်တင်ဝင်း၊ ညီမ မမာလာဆွေ(သုခ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)တို့က အလှူတော်ငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်သို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# မကွေးဥပစာကောလိပ် ကျောင်းသားကျောင်းသူဟောင်းများ

# အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၇**

မကွေးဥပစာကောလိပ် ၁၉၅၈-၁၉၆၃ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် နတ်မောက်လမ်းနှင့် ကျိုက္ကဆံလမ်းထောင့် တာမွေ အထက(၁)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**



**နိုဝင်ဘာ ၂ရက်က လူမှုဝန်ထမ်း ဦးစီးဌာန ဗဟန်း မြို့နယ် အမှတ်(၁) မူလတန်းကြိုကျောင်းခန်းမဆောင်၌ ကျင်းပသော ရင်သွေးငယ်တို့၏ ကျောင်း တွင်း ဉာဏ စွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားတွင် လူမှုဝန်ထမ်း ဦးစီးဌာန ရန်ကုန်တိုင်း ဦးစီးအရာရှိ ဒေါ်ခင်မာစိန်က အတန်း(အီး)မှ ဆုရ သမီးငယ် မအေးချမ်းမွှေးအား ဆုချီးမြှင့်စဉ်။**(က-ပ)

■ *ကျောဖုံးမှ*

အသက် (၅၀)အထက် သက်ကြီးထောက်လုပြိုင်ပွဲဝင်ကြမည့် ဦးလှမြင့်နှင့် ဒေါ်ခင်အေးသင်းတို့မှာ ပန်းခြံတွင် ကိုယ်တိုင်လေ့ကျင့်လျက်ရှိသည်။

ယခုပြိုင်ပွဲတွင် ထောက်လုအားကစားနည်း၌ ပြိုင်ပွဲအမျိုးအစား ၁၂မျိုး၊ ဆန်းဆိုအားကစားနည်း၌ အမျိုးသားကီလိုတန်း ၁၁တန်း၊ အမျိုးသမီး ကီလိုတန်း ၅တန်းထည့်သွင်းကျင်းပမည်ဖြစ်သည်။ ယခု (၆)ကြိမ်မြောက် အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲသို့ အသင်းပေါင်း ၂၃သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲဝင်အသင်းများမှာ အိမ်ရှင်မြန်မာကအဖွဲ့ဝင် ၃၅ဦး၊ ယီမင်က လေးဦး၊ တာမန်နစ္စတန်က လေးဦး၊ မလေးရှားက ၁၈ဦး၊ ဂျပန်က ၁၈ဦး၊ တရုတ်(တိုင်ပေ)က ၂၀၊ ဗီယက်နမ်က ၃၁ဦး၊ မကာအိုက ၂၁ဦး၊ စင်ကာပူက ၂၀၊ တောင်ကိုရီးယားက ၂၈ဦး၊ ဘရူနိုင်းက ကိုးဦး၊ တရုတ်က ၃၂ဦး၊ ဟောင်ကောင်က ၂၃ဦး၊ မွန်ဂိုလီးယားက ငါးဦး၊ ဖိလစ်ပိုင်က ၂၀၊ အီရန်က ၂၄ဦး၊ ဘင်္ဂလားဒေ့ရှ်က ၁၅ဦး၊ သီရိလင်္ကာက နှစ်ဦး၊ အင်ဒိုနီးရှားက ၁၅ဦး၊ အိန္ဒိယက ၃၂ဦး၊ ထိုင်းက ၁၄ဦး၊ နီပေါက ခြောက်ဦးနှင့် ပါကစ္စတန်က ၁၇ဦးတို့ဖြင့် အဖွဲ့ဝင်အင်အားများ စာရင်းပေးသွင်းထားကြရာ ပြိုင်ပွဲဝင်အင်အား စုစုပေါင်း ၄၈၀ရှိကြောင်းသိရသည်။ အာရှဂူရှူးအဖွဲ့ချုပ်အဖွဲ့ဝင်နိုင်ငံ ၂၉နိုင်ငံရှိသည့်အနက် ယခုပြိုင်ပွဲသို့ ၂၃နိုင်ငံဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဆဋ္ဌမအကြိမ်မြောက် အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၄၆ခု၊ ငွေတံဆိပ် ၄၆ခု၊ ကြေးတံဆိပ် ၆၂ခု စုစုပေါင်း ဆုတံဆိပ် ၁၅၄ခု ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံဂူရှူး အဖွဲ့ချုပ်သည် အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲသို့ ယခင်ကနှစ်ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ဖူးပြီး ၁၉၉၆ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပသည့် စတုတ္ထအကြိမ်မြောက်တွင် အဆင့်(၇)တစ်ဦး၊ ၂၀၀၀ပြည့်နှစ်က ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် ပဉ္စမအကြိမ်မြောက်တွင် ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် တစ်ခုဆွတ်ခူးရရှိခဲ့ဖူးသည်။ မြန်မာနိုင်ငံဂူရှူး အဖွဲ့ချုပ်သည် ယှဉ်ပြိုင်ခဲ့သမျှ နိုင်ငံတကာဂူရှူးပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိဖူးသော်လည်း ယခုအာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်မရရှိသေးချေ။ ။

**(မြန်မာ့အလင်း)**

## မိတ္ထီလာမြို့ ဝမ်းတော်ပြည့်ကျောင်းတိုက် နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်အပူဇော်ခံမည်

**ရန်ကုန် နိုဝင်ဘာ ၇**

မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက် ဝမ်းတော်ပြည့်ကျောင်းတိုက်အတွင်း မဟာသီရိဝိမာနဗိမာန်တော်ကြီး၌ ကိန်းဝပ်စံပျော်လျက်ရှိသော တဏှင်္ကရာ ဘုရားအစ ဂေါတမဘုရားအဆုံးရှိသော နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်များကို ဝမ်းတော်ပြည့် ဒုတိယမြောက်ဆရာတော် ဘဒ္ဒန္တဇနိတ (သာသနဓဇ သိရီပဝရဓမ္မာစရိယ ဝိနယ ပါဠိပါရဂူ)၊ ဘဒ္ဒန္တဝံသိက (ဓမ္မာစရိယ) တိုက်အုပ်ဆရာတော်တို့ အမှူးထား၍ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ တပ်နယ်ရပ်ကွက်အသီးသီးတို့က ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက် (နိုဝင်ဘာ၂၅ရက်) ကြာသပတေးနေ့ ညနေ ၅နာရီခွဲတွင် မိတ္ထီလာမြို့တွင်း မြို့ပြင်သို့ လှည့်လည်အပူဇော်ခံမည်ဟု သိရသည်။

(က-ပ)

## ဆက်ကပ်လှူဒါန်း

**ရန်ကုန်တိုင်း တွံတေးမြို့ မင်းပိုင်းရပ်ကွက် မဗေဒါ (၃) လမ်းရှိ ရတနာဇေယျ ပရိယတ္တိစာသင်တိုက်၌ (၁၂)ကြိမ်မြောက် မိသားစုဘုံကထိန်ပွဲကို နိုဝင်ဘာ ၆ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ကိုဝင်းထွဋ်-မခင်မာရီ မိသားစုနှင့် အလှူရှင်များက ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသာသနထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။**

(က-ပ)

## ကလောမြို့ဇောတိကာရုံ ကထိန်သင်္ကန်းကပ်လှူမည်

**ရန်ကုန် နိုဝင်ဘာ ၇**

မြန်မာနိုင်ငံ တောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ မန္တလေးသင်းထောက် ဦးခင်မောင်ယု - ဒေါ်ရီရီမြင့် (သဇင်မိုးအော့ဖ်ဆက်) မိသားစုတို့က ကမကထပြု၍ ရှမ်းပြည်နယ် ကလောမြို့ ဇောတိကာရုံကျောင်းတိုက် ဆရာတော် ဦးလာတိတ အမှူးပြု၍ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ထေရာဝါဒ ဆရာတော်ကြီးများအား ပဒေသာပင်နှင့်တကွ ကထိန်လျာသင်္ကန်းနှင့် အခြားလှူဖွယ်ဝတ္ထုများကို ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ရက် (နိုဝင်ဘာ၂၁ရက်) တနင်္ဂနွေနေ့တွင် ကလောမြို့ ဇောတိကာရုံကျောင်းတိုက်၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)



## မကွေးမြို့ ကရုဏာရှင်များအသင်း တိုင်းရင်းဆေးရုံ(မကွေး)သို့ ဘီးတပ်ကုလားထိုင်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၇**

မကွေးမြို့ ကရုဏာရှင်များနာရေးကူညီမှုအသင်းမှ တိုင်းရင်းဆေးရုံ(မကွေး)သို့ တက်ရောက်ကုသသော အတွင်းလူနာများ အသုံးပြုရန်အတွက် ဘီးတပ်ကုလားထိုင်တစ်လုံးအား အသင်းဥက္ကဋ္ဌဦးလှဆန်းက ပေးအပ်လှူဒါန်းပြီး တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ကြူကြူက လက်ခံရယူကြောင်း သိရသည်။

ထို့နောက် ဦးကျော်ငွေး-ဒေါ်ယဉ်ယဉ်ရွှေမိသားစုက ငွေကျပ် ၇၀၀၀၀၊ ဦးဝင်းစိုး-ဒေါ်ခင်အေးမြင့် (သစ်လုပ်ငန်း)က ငွေကျပ်၅၅၀၀၀၊ ဦးစောသက်ခိုင်ဝင်း-ဒေါ်ခင်နိုင်နိုင်ချစ်မိသားစုက ငွေကျပ် ၅၀၈၄၀၊ ဦးဝင်းညွှန့်-ဒေါ်ခင်ဆွေဝင်း (သစ်မင်း) မိုးကာကူရှင်က ငွေကျပ်၅၀၀၀၀၊ ဒေါ်မြင့်မြင့်ဆွေ၊ သား ကိုသီဟ-မမီးမီး ရန်ကုန်က ငွေကျပ်၂၀၀၀၀၊ ဦးအေးကြူ-ဒေါ်သိန်းမြင့် ရန်ပါယ်လမ်း (၂၀)က ငွေကျပ်၁၈၀၀၀တို့ကို မကွေးမြို့ ကရုဏာရှင်များ နာရေးကူညီမှုအသင်းသို့ လှူဒါန်းကြရာ အသင်း၏နာယကများနှင့် အသင်းအလုပ်အမှုဆောင်များက လက်ခံရယူကြောင်း သိရသည်။ **(က-ပ)**

## မင်းကွန်းဓမ္မရောင်ခြည်ကျောင်းတိုက်ဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမ မင်းကွန်းဓမ္မရောင်ခြည်စာသင်တိုက် ပဌမအကြိမ် ကထိန်အလှူတော်မင်္ဂလာကို တန်ဆောင်မုန်းလဆန်း ၈ရက် (နိုဝင်ဘာ ၁၉ ရက်) သောကြာနေ့တွင် အဆင့်မြင့် မင်္ဂလာဈေး မြင့်သီတာ ရတနာရွှေဆိုင်၊ သရီးအိုဆဲလ်ဗင်း အထည်ဆိုင်၊ မကြည်ကြည်ဝင်းအထည်ဆိုင်၊ ကံ့ကော်အထည်ဆိုင်၊ အောင်ကျော်စိုးအထည်ဆိုင် မိသားစုများ၏ မတည်လှူဒါန်းငွေဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ဆရာတော်အမှူးပြုသော ပင့်သံဃာ ၄၅ပါးတို့အား ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ ကုသိုလ်ပါဝင်လိုသူ ဓမ္မမိတ်ဆွေများနှင့် ဆရာတော်၏တပည့်ဒါယကာ ဒါယိကာမများသည် ဖုန်း-၀၉-၅၀၀၆၀၆၈ သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

## သတိ

၁။ ပြောက်အိုး၊ မီးရှူးနှင့် ဒုံး(ရှူးဒိုင်း) ပစ်ဖောက်ခြင်းဖြင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် ဒုံး(ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ တားမြစ်ချက်အား ဖောက်ဖျက်ပါက-

(က) ပစ်လွှတ်သည့်နေရာမှ အနီး၊ အဝေး၊ အနိမ့်နှင့် အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ပြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) ဖောက်လျှင် ထောင်ဒဏ် (၃)နှစ်။

(ခ) ပြောက်အိုး၊ မီးရှူးနှင့်ဒုံးများ(ရှူးဒိုင်း) ရောင်းလျှင်၊ ထုတ်လုပ်လျှင် ထောင်ဒဏ်(၅)နှစ်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

## မီးဘေးကြိုတင်ကာကွယ်ရေးလက်တွေ့လေ့ကျင့်သရုပ်ပြသ

**ရန်ကုန် နိုဝင်ဘာ ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ပြန်ကြားရေးဝန်ကြီးဌာန မိသားစုနှင့် ပြည်နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းညှိနှိုင်းကျင်းပသော မီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်သရုပ်ပြပွဲကို နိုဝင်ဘာ ၅ရက် မွန်းလွဲ ၁ နာရီက လားရှိုး ကိုယ်ပွားသတင်းစာတိုက်ရှေ့တွင် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်တာဝန်ခံအရာရှိ ဗိုလ်ကြီးဇော်လွင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရှမ်းပြည်နယ်(မြောက်ပိုင်း)ဇုန် အင်ဂျင်နီယာမှူး ဦးစိန်သောင်း၊ စက်ရုံမှူး လက်ထောက်အင်ဂျင်နီယာ ဦးမျိုးဝင်းအောင်၊ ပြည်နယ်ရုပ်ရှင်လုပ်ငန်းစုရုံးဌာနခွဲမှူး ဦးမျိုးဇော်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ တပ်စုမှူး ဦးမြင့်သန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

သရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးကာကွယ်ရေးအတွက် လိုအပ်ချက်များ ရှင်းလင်းပြောကြားပြီး မီးဘေးကာကွယ်ရေးအတွက် မီးငြိမ်းသတ်နည်းများကို လက်တွေ့လေ့ကျင့် သရုပ်ပြသကြသည်။

**(က-ပ)**

# ကမ္ဘာ့တစ်လွှားအားကစား

## နေရစ်ခဲ့တော့ ချန်ပီယံအာဆင်နယ် ချယ်လ်ဆီးတို့ ရှေ့ကသွားနှင့်ပြီ

**အင်္ဂလန် နိုဝင်ဘာ ၇**

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲများကို အင်္ဂလန်နိုင်ငံ၌ နိုဝင်ဘာ ၆ရက်က ဆက်လက်ကျင်းပသည်။

အက်စ်တွန်ဗီလာအသင်းနှင့် ပို့စ်မောက်အသင်းတို့သည် ဗီလာပတ်စ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ အက်စ်တွန်ဗီလာအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။

အက်စ်တွန်ဗီလာအသင်းအတွက် အနိုင်ဂိုးများကို ကွင်းလယ်ကစားသမား ပီတာဝှိုက်တင်ဂမ်က ကိုလံဘီယာ တိုက်စစ်မှူး ဂျူယန်ပါဘလိုအိန်ဂျယ်နှင့် ပီရူးကစားသမား နိုလ်ဘာတိုဆိုလန်နိုတို့ တစ်ဂိုးစီ မသွင်းမီ ပထမပိုင်း ၁၈ မိနစ်တွင် ဂိုးသွင်းပေးခဲ့သည်။

### ချယ်လ်ဆီးအနိုင်ဂိုး

ချယ်လ်ဆီးအသင်းနှင့် အဲဗာတန်အသင်းတို့သည် စတမ်းဖို့ဘရစ်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ချယ်လ်ဆီးအသင်းအတွက် အနိုင်ဂိုးကို ဒတ်ချ် တောင်ပံကစားသမား အာဂျင်ရော့ဘ်ဘင်က ၇၂မိနစ်တွင် သွင်းယူခဲ့သည်။

ချယ်လ်ဆီးတို့သည် ယင်းပွဲအနိုင်ရလိုက်သဖြင့် ပရီမီယာလိဂ်တွင် အာဆင်နယ်အသင်းထက် နှစ်မှတ်အသာ ၂၉မှတ်ဖြင့် ဦးဆောင်၍ ရှေ့မှ ပြေးနေပြီဖြစ်သည်။

### နောက်မှပြန်လိုက်

လက်ရှိချန်ပီယံ အာဆင်နယ်အသင်းသည် ခရစ္စတယ်ပဲလေ့အသင်းက တစ်ဂိုးစီ သရေကျထား၍ ချယ်လ်ဆီးအသင်း နောက်မှပြန်လိုက်နေရသည်။

လီဗာပူးအသင်းသည် အိမ်ကွင်း၌ ထိပ်ဆုံး ၁၀သင်းအောက်ရောက်နေသော ဘာမင်ဂမ်အသင်း၏ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူခြင်းကိုခံလိုက်ရသည်။

နော့ဝှစ်အသင်းနှင့် ဘလက်ဘန်းအသင်းတို့ တစ်ဖက်နှင့်တစ်ဖက် တစ်ဂိုးစီသရေကစားခဲ့ချိန်တွင် ဆောက်သမ်ပတန်နှင့် ဝက်စ်ဘရွန်းအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ အလီလီသွင်းယူခဲ့ကြပြီး တစ်မှတ်စီ ခွဲယူသွားကြသည်။

ယခုအပတ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ကစားပြီးချိန်တွင် ချယ်လ်ဆီးက ၂၉မှတ်ဖြင့် ဦးဆောင်နေသည်။ ယင်းနောက်မှ အာဆင်နယ်က ၂၇မှတ်ဖြင့် ဒုတိယ၊ အဲဗာတန်က ၂၃မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

**အမ်အင်အေ၊ ရိုက်တာ။**



**ချယ်လ်ဆီးအသင်းအတွက် အနိုင်ဂိုး သွင်းပေးခဲ့ပြီးနောက် အောင်ပွဲခံနေသည့် အာဂျင်ရော့ဘ်ဘင်အား တွေ့ရစဉ်။**

## ဘေယန်မြူးနစ်အသင်း ဒုတိယနေရာရောက်လာ

**ဘာလင် နိုဝင်ဘာ ၇**

ဘေယန်မြူးနစ်အသင်းသည် ချန်ပီယံလိဂ်တွင် ဂျူဗင်းတပ်ကို ရှုံးနိမ့်ခဲ့ပြီးနောက် ဘွန်ဒက်စ်လီဂါတွင် ဟန်နိုဗာအသင်းအား စနေနေ့က သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

ဘေယန်မြူးနစ်အသင်းသည် ၂၃မှတ်ဖြင့် ဒုတိယနေရာမှလိုက်နေသည်။ ထိုနေ့က ဝုဖ်ဘတ်အသင်းသည် နုရင်ဘတ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဇယားထိပ်၌ ဦးဆောင်နေသည်။

ဘေယန်မြူးနစ်အသင်းအတွက် ကလောဒီယိုပစ်ဇာရို၊ ရှိုင်းမက်ကေးနှင့် ပေါလ်လိုဂွာယာရီတို့က သွင်းပေးခဲ့ခြင်းဖြစ်သည်။ ယင်းအသင်း ပြီးခဲ့သောအပတ်က ချန်ပီယံလိဂ်တွင် ဂျူဗင်းတပ်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သည်။

**အမ်အင်အေရိုက်တာ။**

## ဘာစီလိုနာအသင်း နိုင်ပွဲဆက်

**မက်ဒရစ် နိုဝင်ဘာ ၇**

ရှုံးပွဲမရှိ ဘာစီလိုနာအသင်းသည် လာလီဂါတွင် စနေနေ့က ဒီပို့တီဗိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါတွင် ၁၀ပွဲကစား နှစ်ပွဲသရေ၊ ရှစ်ပွဲနိုင်ဖြင့် အကောင်းဆုံး ကစားနိုင်ခဲ့သည့် အသင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ပြီးခဲ့သော အင်္ဂါနေ့က ချန်ပီယံလိဂ်တွင် အီတလီမှ အေစီမီလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ။**

## (၇)ကြိမ်မြောက် ဘုံကထိန်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၇**

မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိပ်ကုန်းရပ်ကွက် ထီလာညွန့်ကျောင်းတိုက် (၇)ကြိမ်မြောက် ပင့်သံဃာ ၃၅ပါးတို့အား နိုဝင်ဘာ၁၀ ရက်မှ ၁၄ ရက်အထိ ငါးရက်တိုင် ပဋ္ဌာန်းဒေသနာများ ရွတ်ဖတ်ပူဇော်ပြီး ယင်းနေ့ ၁၄ ရက်(တနင်္ဂနွေနေ့)တွင် ပဋ္ဌာန်းအောင်ပွဲနှင့် စုပေါင်းဘုံကထိန် ကျင်းပပြီး လှူဒါန်းမှု အစုစုအတွက် အနုမောဒနာတရားများ ဟောကြားကာ ရေစက်ချ အမျှတန်းပေးဝေမည် ဖြစ်ကြောင်း သိရသည်။

(က–ပ)

## ပုသိမ်အသင်း(ရန်ကုန်) မိသားစုဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၇**

ဒုတိယအကြိမ်မြောက် ပုသိမ်အသင်း(ရန်ကုန်)၏ မိသားစု ဘုံကထိန်ကို အခန်းအမှတ် ၁၂/၁၃၊ ပထမထပ် တိုက်အမှတ် (၂၀၂/၂၀၄) ဗိုလ်ဆွန်ပက်လမ်း အလယ်ဘလောက် ပန်းဘဲတန်းမြို့နယ်၌ ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက် (နိုဝင်ဘာ ၂၁ ရက်) တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် သံဃာတော်ငါးပါးအား ကထိန် သင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ဘုံကထိန်တွင် ပါဝင် လှူဒါန်းလိုသော စေတနာရှင်များသည် ဥက္ကဋ္ဌ ဦးသန်းထွန်း ဖုန်း–၆၆၃၂၄၂၊ ဘဏ္ဍာရေးမှူး ဦးလေးတင် ဖုန်း–၂၂၁၉၇၈ နှင့် ဦးခင်မောင်ဝင်း ဖုန်း–၅၄၉၀၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ ၁၅၇ လမ်း၊ အမှတ် ၁၅+၁၇ နေ ၁၂/တမန(နိုင်) ၀၄၃၇၂၅ မှတ်ပုံတင်အမှတ် ဒေါ်သန်းသန်းစိန်က တာမွေမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၃– A၊ မြေကွက်အမှတ် ၁၁ မြေ အမည်ပေါက် ဒေါ်မြကြည်အမည်ရှိ မြေပိုင်မြေအား မြေပုံကူးခွင့်ပြုပါရန် လျှောက်ထားလာရာ ရက် ၃၀ အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။**

## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီမဉ္ဇူလမ်းသွယ်(၂)၊ ခြံအမှတ်(၂/ဃ ၉)နေ
ဦးသိန်းလှိုင်(B.A)–ဒေါ်ရီရီလှိုင်(ဇဝရတ်ရုပ်ရှင်)တို့၏သားထွေး

**မောင်မင်းမင်းလှိုင်(ခ)ရုပ်ရှင်သရုပ်ဆောင် လူမင်း B.Agr.˚Sc**

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ ခြံအမှတ်(၁၀)နေ
ဦးတင်စိုး(စပယ်ဦးစာပေ)–ဒေါ်သန်းသန်း (စာရေးဆရာမ–ခင်ခင်လေး)
(ခင်စပယ်ဦးရုပ်ရှင်နှင့်စတူဒီယို)တို့၏ သမီးထွေး

**မခင်စပယ်ဦး First Year (History)**

တို့၏ ၇–၁၁–၂၀၀၄ရက် Sedona Hotel ၌ကျင်းပသည့် မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့်မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ကြွရောက်ချီးမြှင့်ကြသော ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်နယ်ဘက်မှအရာရှိကြီးများ၊ စာပေ၊ ရုပ်ရှင်၊ ဂီတ အနုပညာရှင်များ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော တေးသံရှင် ရတနာဦး၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော EMPEROR တေးဂီတအဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ မိတ်ကပ်ဆံပင်အလှဆင်ပေးသော မိတ်ကပ်စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ မမဉ္ဇူ၊ သိင်္ဂီရွှေဝါပိုးထည်တိုက်၊ သတို့သမီးလက်ဝတ်ရတနာဆင်မြန်းပေးသော ဆုမြတ်မင်းရတနာ ဗိုလ်ချုပ်ဈေး၊ ပန်းအလှဆင်ပေးသော မလေးရှားသန်းမြင့်နှင့်လင်းလင်းတို့အဖွဲ့အားလည်းကောင်း၊ မင်္ဂလာမှတ်တမ်းတင် ဗီဒီယိုရိုက်ကူးပေးသော ဒါရိုက်တာမီးပွားနှင့်အဖွဲ့၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပေးသော ဝဏ္ဏခွာနီး၊ မင်းဇာနည်ဇော်တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော လှိုင်ဖြူဖြူထွဏ်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော ဆုပန်ထွာ၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော ရတနာခင်၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော မောင်မင်းသန့်မောင်မောင်၊ မောင်စစ်နိုင်သီဟဦး၊ မယွန်းဝတီလွင်မိုး၊ မမြူလင်းကိုကို၊ သတို့သားအရန် သူထူးစံ၊ နေတိုး၊ သတို့သမီးအရန် ဇင်ဇင်ဇော်မြင့်၊ ချစ်စနိုးဦး၊ ညှော်ခံကြိုဆိုပေးသော မိုးဟေမာန်ခင်၊ ဝိုင်းစုခိုင်သိမ်းတို့အားလည်းကောင်း၊ မင်္ဂလာခန်းဝင်ဓာတ်ပုံများ ချီးမြှင့်ကြသော Idea Digital Inkjet Printing နှင့် ဇေယျာမြတ်ခိုင်၊ ဝိုင်းဝန်းပံ့ပိုးကူညီကြသော ကိုမြတ်ခိုင်၊ ကိုဝင်းငြိမ်းနှင့် စာပေနှင့်စာနယ်ဇင်းမှ ပုဂ္ဂိုလ်များ၊ နှစ်ဖက်မိဘဆွေမျိုးမိတ်သင်္ဂဟများနှင့် မိတ်ဆွေသူငယ်ချင်းများ၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်မင်းမင်းလှိုင်(ခ)လူမင်း–မခင်စပယ်ဦး။**

## မင်္ဂလာကျေးဇူးတင်လွှာ

Traders ဟိုတယ်၌ ၇–၁၁–၂၀၀၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ကျွန်တော် ကျွန်မတို့၏ လက်ထပ်မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်အားပေးကြသည့် နိုင်ငံတော်မှတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့နှင့် ဤမင်္ဂလာညှော်ခံပွဲ အခမ်းအနားဖြစ်မြောက်အောင် အဘက်ဘက်မှ အစစအရာရာ စီမံကူညီဆောင်ရွက်ပေးကြသော ပုဂ္ဂိုလ်များအားလုံးကို ကျွန်တော် ကျွန်မတို့မှ အထူးပင်ကျေးဇူးတင်ရှိအပ်ပါသည်။

**ဗိုလ်ကြီးမျိုးမင်း–မခင်ကလျာသိန်း။**

## လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

မန္တလေးတိုင်း၊ မြင်းခြံမြို့၊ အမှတ်(၁၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(က/၂၁)နေ
ဦးဇေယျာလွင်–ဒေါ်လှလှဌေးတို့၏သား

**မောင်ပြည့်ဖြိုးလွင်**
**B.E(Information Technology)**

နှင့်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်၁၁၅နေ
ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)(ညွှန်ကြားရေးမှူးချုပ်၊စည်ပင်သာယာရေးဦးစီးဌာန)–
(ဒေါ်ယဉ်ယဉ်မြင့်)တို့၏
သမီး

**မယဉ်ဥမ္မာမျိုး**
**M.E (Information Technology)**
**ကထိက၊ နည်းပညာကောလိပ်၊ မှော်ဘီမြို့**

တို့၏၇–၁၁–၂၀၀၄ရက် (တနင်္ဂနွေနေ့) Sedona Hotel ၌ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ကြွရောက်ချီးမြှင့်ပေးသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ကြွရောက်ချီးမြှင့်ပေးသော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်နှင့် ဇနီးဒေါ်ကျင်ခိုင်အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ကြသော ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများအားလည်းကောင်း၊ ဂုဏ်သရေရှိမင်္ဂလာညှော်ပရိသတ်များနှင့် နှစ်ဖက်သော မိဘဆွေမျိုး မိတ်သင်္ဂဟများအားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၆–၁၁–၂၀၀၄ ရက် (စနေနေ့) မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်တွင် လက်မှတ်ရေးထိုးပေးသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးအားလည်းကောင်း၊ အခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါပေးသီဆိုပေးသော တေးသံရှင် ရတနာဦးနှင့် Aces အဖွဲ့သားများ၊ မိတ်ကပ်ဆံပင်အလှဆင်ပေးသော စိုးစိုးနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဆင်ယင်ပေးသော မမဉ္ဇူနှင့် မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ Sedona Hotel နှင့် မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အထူးအားဖြင့်မေတ္တာနှင့်ယှဉ်၍ အစမှအဆုံးတိုင် ပံ့ပိုးဆောင်ရွက်ပေးသော နှစ်ဖက်သောမိဘများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**မောင်ပြည့်ဖြိုးလွင်–မယဉ်ဥမ္မာမျိုး။**

## ကျေးဇူးတင်လွှာ

၇–၁၁–၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပသည့် မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးသော ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဇနီး ဒေါ်အေးအေး၊ ၅–၁၁–၂၀၀၄ရက်(သောကြာနေ့)တွင် တရားရုံးချုပ်၌ ထိမ်းမြားမင်္ဂလာလက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာ ဦးတင်အောင်အေးအားလည်းကောင်း၊ နှစ်ဖက်အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးသော ဒေါက်တာ ဦးသန်းအေးနှင့် ဇနီး ဒေါက်တာဒေါ်ခင်အုန်းချစ်၊ ဦးသစ်လွင် [လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန]နှင့် ဇနီး ဒေါ်သန်းအေးအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော မဟေမာနေဝင်း၊ မိတ်ကပ်နှင့်ဆံပင် ခင်စန်းဝင်းနှင့် မုဏ်းကို၊ Evening Star တေးဂီတအဖွဲ့၊ မေတ္တာဖြင့်မင်္ဂလာပန်းကြဲပေးသော ရုပ်ရှင်နှင့်ကြော်ငြာသရုပ်ဆောင် သက်မွန်မြင့်၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော ရုပ်ရှင်သရုပ်ဆောင် ခင်လေးနွယ်၊ သူငယ်ချင်း ခင်မြတ်ကြူ၊ သတို့သားအရန် ဗိုလ်ကြီးမင်းအောင်၊ ဗိုလ်ကြီးညီဖြိုးဝေ၊ သတို့သမီးအရန် ခင်သန္တာမြင့်နှင့် ဖြူဖြူအေး၊ ဗီဒီယိုမှတ်တမ်းတင် စိုင်းဘုန်းထူးနှင့်အဖွဲ့၊ ဓာတ်ပုံ ဦးအောင်သန်းဟိန်း(ဥပဒေ)၊ Sedona Hotel မှဝန်ထမ်းများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**ဗိုလ်ကြီးဖေသီဟ–မတင်ချိုလတ်။**










## တိမ်ဖြစ်ထွန်း

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ်ဖြစ်ထွန်းမည်။

# ကျိုက္ခမီ ရေလယ်ဆံတော်ရှင် မြတ်ဘုရား ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်

**ကျိုက္ခမီ နိုဝင်ဘာ ၄**

သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ သမိုင်းဝင် ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင် မြတ်ဘုရား၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ်အဖြစ် သီတင်းကျွတ်လပြည့်နေ့(အောက်တိုဘာ၂၈ရက်) အရုဏ်တက်ချိန်တွင် ဒုတိယအကြိမ် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် ရှင်ဥပဂုတ္တမထေရ်မြတ်အား ဆွမ်းသပိတ်တော်မျှော စုပေါင်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ရေလယ်ဆံတော်ရှင် မြတ်ဘုရား၏ ခြေတော်ရင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ဆီမီး ၉၀၀၀ထွန်းညှိပူဇော်ပွဲကို သံဖြူဇရပ်မြို့နယ် ကျိုက္ခမီ ရေလယ်ဆံတော်ရှင် ဘုရားကြီး၏ ဦးစီးပဓာနနာယက ဗိုလ်မှူးကြီး ခင်မောင်စိုး၊ ဇနီး ဒေါ်ဇင်မေဟန် တို့က ဘုရားကန်တော့ကြပြီး ဆီမီး ၉၀၀၀ ကို စတင်ထွန်းညှိဖွင့်လှစ်ပေးသည်။ ရေလယ်ဘုရား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးချမ်းစိန်နှင့် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းများမှ အသင်းသူ၊ အသင်းသားများ၊ ကျိုက္ခမီရဲတပ်ဖွဲ့ဝင်မိသားစုများနှင့် ဧည့်သည်များက ရေလယ်ဘုရားရင်ပြင်တော်ပေါ်ရှိ ဇိနမာရ်အောင်စေတီတော်နှင့် အရံစေတီတော်များတွင် ဆီမီး ၉၀၀၀ စာလုံးဖော်ကာ စုပေါင်းထွန်းညှိ ပူဇော်ကြသည်။ **(ယာပုံ)**

အလားတူ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရှင်ဥပဂုတ္တမထေရ်မြတ်အား ဆွမ်းသပိတ်မျှောဆက်ကပ်လှူဒါန်းပွဲကို ရေလယ်ဆံတော်ရှင်မြတ်ဘုရား ခြေရင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**



## ဆုများပေးအပ်

**မြောင်းမြမြို့ စိတ္တသုခ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၂၄ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ အလှူရှင် ဦးကျော်ဝင်း-ဒေါ်ဖြူဖြူသင်း(ရွှေသရဖူ ကုမ္ပဏီ ရန်ကုန်မြို့)က ထူးချွန်ကလေးများအား ဆုများပေးအပ်ချီးမြှင့်စဉ်။**

(ခရိုင် ပြန်/ဆက်)




# ချင်းပြည်နယ်ဥက္ကဋ္ဌ ထန်တလန်မြို့ ပြည်သူ့ဆေးရုံကြည့်ရှုစစ်ဆေး ဆေးရုံအဆောက်အအုံနှင့် ခွဲစိတ်ခန်းပြုပြင်ရေး မှာကြား

**ဟားခါး အောက်တိုဘာ ၂၀**

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှသည် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ သန်းထွန်းဦး၊ ဒုတိယပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ခင်စောမူတို့လိုက်ပါလျက် အောက်တိုဘာ ၁ ရက်က ချင်းပြည်နယ် ထန်တလန်မြို့သို့ရောက်ရှိပြီး ထန်တလန်မြို့ ပြည်သူ့ဆေးရုံ ခွဲစိတ်ခန်းနှင့် ဆေးစတိုခန်း၊ ဆေးရုံအဆောက်အအုံနှင့် ပတ်သက်၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားပြီး ထန်တလန်မြို့ ပြည်သူ့ဆေးရုံအတွင်း လက်ဖက်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ထန်တလန်မြို့အခြေခံပညာအထက်တန်း နှစ်ထပ်ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်မှုနှင့် ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ကျောင်းဆောင်သစ် အချိန်မီပြီးစီးရေးအတွက် တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းပေးကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ် သတင်းများ

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် စဥ့်ကိုင်မြို့ ရုံးအဆောက်အအုံသစ် ဆောက်လုပ်ခြင်းလုပ်ငန်း စစ်ဆေး

ကျောက်ဆည် အောက်တိုဘာ ၂၅

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်သည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁၇ ရက်က စဥ့်ကိုင်မြို့၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အဆောက်အအုံသစ် ဆောက်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ခရိုင်ဦးစီးအရာရှိ ဦးချစ်ထွေးက ဆောက်လုပ်ထားရှိမှု အခြေအနေများ တင်ပြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များမှာကြားသည်။**

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိ၍ စာကြည့်တိုက်လုပ်ငန်း၊ နံရံကပ် စာစောင်နှင့် ဓာတ်ပုံပြသထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ထမ်းများနှင့်တွေ့ဆုံဆွေးနွေးရာ ခရိုင်ဦးစီးအရာရှိ ဦးချစ်ထွေးက ကျေးရွာများ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ထားရှိမှုအခြေအနေများ၊ သတင်းစာနှင့် ဂျာနယ်များ ဖြန့်ဝေနိုင်မှုအခြေအနေများ ရှင်းလင်းတင်ပြပြီး ဒုတိယဦးစီးမှူးက သတင်းစာဝန်ဆောင်ခ ခွဲဝေပေးမှုအခြေအနေများ၊ ရှေ့ဆက်လုပ်ဆောင်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# ပြင်ဦးလွင်ခရိုင်ဥက္ကဋ္ဌ ယာဉ်မောင်းများတွေ့ဆုံ

**ပြင်ဦးလွင် အောက်တိုဘာ ၂၅**

ပြင်ဦးလွင် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်နှင့် မြို့နယ်အတွင်းရှိ ကားကြီး၊ ကားလေး အသင်းများမှ ယာဉ်မောင်းသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၇ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမျိုးမြင့်က အမှာစကား ပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးပါစည်က ပြင်ဦးလွင်မြို့အား သန့်ရှင်းသပ်ရပ် လှပသော စံပြတောင်ပေါ်မြို့ဖြစ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဆွေက စည်ပင်သာယာရေး ဥပဒေများကို ရှင်းလင်းပြောကြားကြကြောင်း သိရသည်။ **(၂၈၀)**



# ငှက်ဖျားရောဂါဖြစ်ပွားမှု လျော့နည်းစေရန်ရည်ရွယ် ခြင်ထောင်များဆေးစိမ်ခြင်းလုပ်ငန်း ဆောင်ရွက်

**ဂန့်ဂေါ အောက်တိုဘာ ၂၃**

ဂန့်ဂေါမြို့နယ် ကျန်းမာရေးဦးစီးဌာနမှငှက်ဖျားရောဂါ ဖြစ်ပွားမှု လျော့နည်းစေရန်ရည်ရွယ်လျက် ကျေးလက်ပြည်သူများ၏ ခြင်ထောင်များ ဆေးစိမ်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၁၁ ရက်က စတင်ဆောင်ရွက်ကြသည်။

**ကွင်းဆင်းဆောင်ရွက်**

ထိုသို့ဆောင်ရွက်ရာတွင် ဂန့်ဂေါမြို့ ကျန်းမာရေးဦးစီးဌာနမှ ဦးရဲတင့်နှင့်အဖွဲ့သည် ဂန့်ဂေါမြို့နယ် မင်းရွာကျေးရွာတွင် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ အင်န်ဂျီအို အဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်း၍ ငှက်ဖျားရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးဆွေးနွေးခြင်း၊ ခြင်ထောင်များ ဆေးစိမ်ခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁၁ရက်မှ ၁၄ရက်အတွင်း ကွင်းဆင်းဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ဂန့်ဂေါမြို့နယ်တွင် ခြင်ထောင်ဆေးစိမ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ခြင်ထောင်လုံးရေ လေးသောင်းကျော်အား ဆေးစိမ်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**(၂၇၃)**

**အောက်တိုဘာ ၈ရက်က တောင်ငူ မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ညောင်ကိုင်းတိုက် နယ်ဆေးရုံသွား ကျောက်ချောလမ်းအား လမ်းကြိတ်စက်ဖြင့်ကြိတ် ခြင်းလုပ်ငန်းကို အမှုဆောင်အရာ ရှိ ဦးကိုကိုနိုင်နှင့် အင်ဂျင်နီယာမှူး ဦးဌွေးညွှန့်တို့ ကွင်းဆင်းဆောင် ရွက်ကြစဉ်။**

(မြို့နယ် စည်ပင်)





**ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ဖွင့်ပွဲကို နိုဝင်ဘာ ၁ရက်က ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**

(၂၈၃)



သာယာဝတီမြို့ ဓမ္မဇျုဟာသာသနမာမကအဖွဲ့က သာယာဝတီ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း၏ ဒုတိယအကြိမ် အဘိဓမ္မာရိုးရိုး စာအောင်ပုဂ္ဂိုလ်များ ဆုနှင်းပွဲကို အောက်တိုဘာ၂၈ရက်က သာယာဝတီမြို့ ဈေးလမ်းရှိ သမ္မာဆန္ဒဓမ္မာရုံ၌ကျင်းပရာ မြို့နယ် အတွင်းရေးမှူးဦးသန်းအောင်နှင့် တာဝန်ရှိသူများက ဆုရသင်တန်းသား သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

# နောင်ချိုမြို့တွင် အမေ့ပျိုးခင်းစာကြည့်တိုက်ဖွင့် စုပေါင်းအလှူငွေနှင့် လစဉ်စာအုပ်များလှူဒါန်း

**နောင်ချို အောက်တိုဘာ ၃၁**

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ နောင်ချိုမြို့ ဘူတာရပ်ကွက် ကိုယ့်အားကိုယ်ကိုး အမေ့ပျိုးခင်းစာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၁၈ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလွင်၊မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးအောင်ကြီး၊ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးလှအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရပ်သံကျွမ်းကျင်(၃) ဦးတင်မင်းက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး အကြောင်းဟောပြောပြီး သုတ၊ ရသစာအုပ်မျိုးစုံ ၅၀ ပေးအပ်လှူဒါန်းရာ ရပ်ကွက်စာကြည့်တိုက်မှူးဦးမောင်ပြုံးက လက်ခံရယူသည်။

ထို့နောက်ဘူတာ ရပ်ကွက်နေပြည်သူများက စုပေါင်း အလှူငွေကျပ်နှစ်သောင်းနှင့် လစဉ်စာအုပ် အလှူရှင်များ လှူဒါန်းစာအုပ်များကို ရပ်ကွက်ဥက္ကဋ္ဌ ဦးလှအောင်က ပေးအပ်ရာ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးစိန်ဝင်းက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

## စုပေါင်းတူးဖော်

**အောက်တိုဘာ ၁၉ရက်က မြစ်ကြီးနားမြို့ မြို့မဈေးအတွင်း ဒုဦးစီးမှူး(ဈေး) ဦးဆောင်သော ဈေးဝန်ထမ်းများ၊ ဈေးမိ ဈေးဖများနှင့် ဈေးသူဈေးသားများ စုပေါင်း၍ ဈေးအတွင်းအပြင်ရေဆိုးထုတ်မြောင်းများ စုပေါင်းတူးဖော် ဆောင်ရွက်ရာသို့ အမှုဆောင် အရာရှိဦးအေးဆွေ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)



# အမြို့မြို့ အနယ်နယ် သတင်းများ

# တမူးမြို့၌ ရေစီးရေလာကောင်းမွန်ရေး နုန်းမြေများတူးဖော်ဆောင်ရွက်

**တမူး အောက်တိုဘာ ၃၁**

တမူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးနှင့် မြို့တွင်းရေစီးရေလာ ကောင်းမွန်ရေးအတွက် အောက်တိုဘာ၂၃ရက်က ဗိုလ်ချုပ်လမ်းမကြီး တစ်လျှောက်တွင် ရေနုတ်မြောင်းများမှ ရေထွက်ပေါက်များအား စစ်ဆေးခြင်း၊ အမှိုက်သရိုက်များနှင့် နုန်းမြေများ တူးဖော်ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

## ကြီးကြပ်ဆောင်ရွက်

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးသန်းလွင်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။**(ဝဲပုံ)** **(က-ပ)**





## ဆောင်ရွက်

**မန်စီမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမိုးလွင်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆွေတို့ကြီးကြပ်၍ မြို့သာယာလှပရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် အောက်တိုဘာ ၁၆ရက်က ဗန်းမော်-နမ့်ခမ်း လမ်းဘေးဝဲယာ တစ်လျှောက်တွင် ရေမြောင်းများ ရှင်းလင်းခြင်းနှင့် မြေယာရှုခင်း အလှဆင်ခြင်းတို့ကို ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။**

(က-ပ)

# လူမင်း၊ ရာဇာနေဝင်း၊ လွင်မိုးတို့၏ ဗီဒီယိုဇာတ်ကား ၁၂ ကားဖြန့်ချိပြသ

**မောင်ဆွေထွန်း**

**ရန်ကုန် နိုဝင်ဘာ ၇**

ယခုအပတ်တွင် စိန်ငွေး ဗီဒီယိုမှ ဒါရိုက်တာမောင်နန္ဒရိုက်ကူး၍ လူမင်း၊ ပိုင်ဇေရဲထွန်းနှင့် ဆုပန်ထွာတို့ပါဝင် သရုပ်ဆောင်သည့် **'အတ္တနိဂုံး'**ဇာတ်



**ဒါရိုက်တာမောင်နန္ဒရိုက်ကူးသော အတ္တနိဂုံးဇာတ်ကားမှ လူမင်း၏ သရုပ်ဆောင်ဟန်။**

ကား နိုဝင်ဘာ ၈ရက်**(ယနေ့)**မှ စတင် ဖြန့်ချိမည်ဖြစ်သည်။

ထို့နောက် ဆက်လက်ဖြန့်ချိခွင့်ရရှိပြီး ဇာတ်ကားများမှာ ကောင်း သစ္စာဗီဒီယိုမှ ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)ရိုက်ကူး၍လွင်မိုး၊ နန္ဒာလှိုင်တို့ သရုပ်ဆောင်သော **'တကယ်ချစ်တာယုံပါ'**ဇာတ်ကား။ ကြောင်ကမ္ဘာဗီဒီယိုမှ ဒါရိုက်တာ ခိုင်မြတ် အောင်ရိုက်ကူး၍ ရန်အောင်၊ ရာဇာနေဝင်း၊ ပုလဲဝင်းနှင့် ဇင်ဇင်ဇော်မြင့်တို့ ပါဝင်သော**'ကောင်းမှကောင်း"** ဇာတ်ကား (ပထမပိုင်းနှင့် ဇာတ်သိမ်းပိုင်း)။

မဏိရွှေစင်ဗီဒီယိုမှ ဒါရိုက်တာ ဖိုးကျော်(သန်လျင်)ရိုက်ကူး၍ ဝေဠုကျော်၊ မျိုးစန္ဒီကျော်နှင့် အေးဝတ်ရည်သောင်းတို့ပါဝင်သော **'ပင်လယ်ရေနှင့်ဆေးပါ့မယ်'** ဇာတ်ကား။ ရှမ်းလေးဗီဒီယိုမှ ဒါရိုက်တာ မောင်ကိုကိုကျော်ရိုက်ကူး၍ အေးနန္ဒာထက်၊ စာရွက်၊ ခဲတံနှင့် ခဲဖျက်တို့ပါဝင်သော **'ရွှေစင်ကြယ်အငြိမ့်'** ဇာတ်ကား။ စူပါနိုင်းဗီဒီယိုမှ ဒါရိုက်တာ ဥက္ကာဗိုရိုက်ကူး၍ နေထက်လင်း၊ မျိုးစန္ဒီကျော်၊ ထွန်းထွန်းဝင်းနှင့် ဖူးစုံတို့ ပါဝင်သော **'ကာရန်မဲ့ကဗျာ'**ဇာတ်ကား။

တက်လမ်းဗီဒီယိုမှ ဒါရိုက်တာ ထူးအောင်ရိုက်ကူး၍ ကင်းကောင်၊ ချစ်ဖွယ်၊ ဧရာနှင့် ထူးသာတို့ ပါဝင်သော **'ရွှေကြာရိုးလေးရူးခဲ့ပါ'** ဇာတ်ကား။ မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာ ဇော်မြင့်ဦး ရိုက်ကူး၍ ခန့်စည်သူ၊ စိုးမြတ်နန္ဒာတို့ပါဝင်သော **'ရှူးတိုးတိုး'** ဇာတ်ကား။ ဦးမိုးဗီဒီယိုမှ ဒါရိုက်တာ သူရသိန်းတင် ရိုက်ကူးသော **'သတ္တုကမ္ဘာ့ကာတွန်း'**ဇာတ်ကား။ အောင်ဗီဒီယိုမှ ဒါရိုက်တာ မျိုးဇင်ကို ရိုက်ကူး၍ ညီညီမင်းထက်၊ ဇေယျာနှင့် ဖွန်လေးနွယ်တို့ပါဝင်သော **'မာယာရွှေကျွန်း'**ဇာတ်ကား။ ကျော်ကျော်ဦး ဗီဒီယိုမှ ဒါရိုက်တာ မဟာရိုက်ကူး၍ ကင်းကောင်၊ ဧရာနှင့် အာကာမြင့်အောင်တို့ ပါဝင်သော **'အနံ့ကြီးကွင်းကျယ်'** ဇာတ်ကားတို့ ဖြန့်ချိမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**



**ကြောင်ကမ္ဘာဗီဒီယို၏ ကောင်းမှကောင်း ဇာတ်ကားမှ ရာဇာနေဝင်းနှင့် ပုလဲဝင်းတို့၏ အမူအရာ။**

## သရုပ်ဆောင်ဟန်

**ဘာဘာ ဘာမှ မသိဘူး အဆင့်မြင့် ဗီဒီယိုဇာတ်ကားမှ ဇာဂနာနှင့် ကျော်သူတို့သရုပ်ဆောင်ဟန်။**



# ဘာဘာ ဘာမှ မသိဘူး အဆင့်မြင့်ဗီဒီယိုဇာတ်ကားပြသ

**ရန်ကုန် နိုဝင်ဘာ ၇**

စာရေးဆရာမင်းသိခ်၏ဝတ္ထုကို ဒါရိုက်တာ ခင်စောမျိုးရိုက်ကူး၍ ကျော်သူ၊ ဇာဂနာနှင့် ဆုပန်ထွာတို့ပါဝင်သရုပ်ဆောင်သည့် **'ဘာဘာ ဘာမှ မသိဘူး'** အဆင့်မြင့် ဗီဒီယိုဇာတ်ကား ရွှေမန်း၊ စံပြနှင့် သီတာရုံများတွင် နိုဝင်ဘာ ၁၂ ရက်၌ တင်ဆက်ပြသမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

## လျှောင်ပိန်းကျူ(ခ)ဦးအချွန်
**အသက်(၁၀၇)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ တိုက် ၂၈၊ အခန်း ၁ နေ (ဦးစံညွန့်–ဒေါ်ဖွားတင့်)တို့၏သားသမက်၊ (ဒေါ်ခင်ကြည်)၏ခင်ပွန်း၊ ဦးဝင်းမြင့်–ဒေါ်ခင်ထားအိ၊ ဒေါ်ကြည်ကြည်မြင့်(ဦးစီး/ရှိ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ငြိမ်း)–ဦးညွန့်ဆွေ၊ ဒေါ်ကြည်ကြည်ဌေး–ဦးခင်ဝင်း၊ ဒေါ်မွေးမွေး–ဦးခင်မောင်တင့်တို့၏ဖခင်၊ ကိုဘုန်းကြည်ဆွေ(Carnival Shipping)၊ မတင်ထိုက်ထိုက်ဆွေ(ဒု–အကောက်ခွန်မှူး)၊ကိုမင်းကြည်ဆွေ(Pancon Shipping & Maring)၊ ကိုအောင်ဇေယျတင့်၊ မဆွေဇင်သက်၊ မစိုးစန္ဒာဝင်း၊ မသဲသဲဝင်းဆု၊ မသန့်ရည်ဝင်း၊ မောင်ငြိမ်းချမ်းထွန်း၊မဝင့်မြတ်နိုးအောင်တို့၏အဘိုးသည် ၆–၁၁–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁း၁၅ နာရီတွင် ရွှေဗဟိုအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၈–၁၁–၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြင့် (မအူပင်)
**အသက်(၈၅)နှစ်**

မအူပင်မြို့၊ အမှတ် ၁၇၊ အောင်ဇေယျလမ်းနေ (ဦးဘထိန်–ဒေါ်ရွှေမြ)တို့၏သမီး၊ (ဦးစိုးတင့်၊ အငြိမ်းစားမြို့ပိုင်)၏ဇနီး၊ (ဦးကျော်သောင်း)၊ (ဦးတင်မောင်)၊ (ဒေါ်ခင်တင့်)၊ (ဦးခင်မောင်–ဒေါ်ခင်မြ)၊ (ဦးကျော်သင်း)တို့၏ညီမ၊ ဦးအောင်သိန်း(ခ)ဦးချစ်တီး–(ဒေါ်အေးမိ)၊ (ဒုတိယဗိုလ်မှူးကြီးလှထွေး) (လေ၊ ငြိမ်း)–ဒေါ်ခင်အေးကြည်၊ (ဒေါ်စန်းမြင့်)တို့၏အစ်မ၊ ဒေါ်ခင်အေးရွှေ(အထက–ရေလဲ၊ ကျောင်းအုပ်၊ ငြိမ်း)၊ ဒေါ်ကျင်ကျင်ရီ၊ ဦးတင့်လွင်(Senior Engg; Asia World Co., Ltd.)–ဒေါ်ခင်မေအု (အလက–၁၊ ဒဂုံ)၊ ဦးမျိုးဇင်၊ ဦးဝင်းမြင့်–ဒေါ်သန်းမြထွေး(မအူပင် လျှပ်ရွှေးလျှပ်ထုတ်စက်ရုံ)၊ ဦးစိုးသိန်း(အမက–ဘုရားကုန်း၊ ကျောင်းအုပ်)–ဒေါ်လှလှမြင့်(အမက–ဈေးလမ်း)၊ ဦးကျင်ဌေး–ဒေါ်လွင်လွင်(အမက–ဈေးပိုင်း)တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၇–၁၁–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၉–၁၁–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် မအူပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
## သိက္ခာတော်ရဆရာကြီး ဦးအမ်ဇော်ယော်
**(Rev: Maran Zau Yaw)**

**ရန်ကုန်ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်၏သင်းအုပ်သိက္ခာတော်ရဆရာကြီး၊မြန်မာနိုင်ငံသမ္မာကျမ်းစာအသင်း၏ဥက္ကဋ္ဌ ယခင်မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၏အထွေထွေအတွင်းရေးမှူးနှင့် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌ**

**အသက်(၇၄)နှစ်**

ဆရာမကြီးဒေါ်လဖိုင်ထုရော်၏ခင်ပွန်း၊ ဦးအမ်ဒိန်ဂွန်ဘောမ်–မလဖိုင်နန်ဆိုင်း(ခ)မယမင်း၊ မောင်အမ်ဇော်ထွယ်၊ ဒေါ်အမ်ဂျာဆိုင်း–ဦးမခါလဒိန်းတို့၏ဖခင်၊ မခရစ်စတင်းဂျာဆိုင်းခေါန်၏အဘိုးသည် ၇–၁၁–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် အမှတ် ၉၀၊ ကံ့ကော်မြိုင်လမ်း၊ ပါရမီရိပ်သာနေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

လေးနှစ်ပြည့်လွမ်းဆွတ်တမ်းတသတိရခြင်း
## မောင်အောင်ဝင်း(ခ)ဖိုးသကြန်
**အထက(၆)ဗိုလ်တထောင်ကျောင်းသားဟောင်း**

**(၈–၁၁–၂၀၀၀မှ၈–၁၁–၂၀၀၄)**

**အသက်(၁၇)နှစ်**

သားရေ ပါကြီးနှင့်မေကြီးကို ခွဲခွာသွားတာ ၈–၁၁–၂၀၀၄ရက်နေ့မှာ လေးနှစ်ပြည့်ပြီနော်၊ တစ်ဦးတည်းသောသားအတွက် လစဉ်၊ နှစ်စဉ် ပြုသမျှကုသိုလ်ကောင်းမှုတွေအားလုံး သားလေးရပြီး ဘဝဆက်တိုင်းဆက်တိုင်း ပါကြီးနှင့်မေကြီးတို့မိသားစုသုံးယောက် အသက်ရှည်ရှည်နဲ့ပြန်လည်ဆုံစည်းပါရစေလို့ဆုတောင်းရင်း လိမ္မာရေးခြားရှိတဲ့ သားရဲ့ကြီးမားလှတဲ့ မေတ္တာတရားကို အသက်ရှင်နေသည်အထိ သတိရနေပါ့မယ်သားရယ်။

အစဉ်လွမ်းဆွတ်သတိရလျက်–

**ဦးအောင်လွင်(လမ်းနှင့်တံတား)–ဒေါ်ရီရီဝင်း (ယာ/အုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ဦးမြင့်ဖေ(ခ)ဦးမြင့်ဇော်
**(ရွှေစီးကွက်ဘုရားဖူးပို့ဆောင်ရေး)**

**အသက်(၄၉)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၃၂၉၊ ရွှေဘုံသာလမ်းနေ (ဦးအေးဖေ)–ဒေါ်အေးစိန်တို့၏သား၊ ဒေါ်လှလှဝင်း၏မောင်၊ ဒေါ်ဝါဝါဝင်း၏ခင်ပွန်း၊ ကိုသူရအောင်–မပွင့်ဖြူရည်၊ မနှင်းနန္ဒာတို့၏ဖခင်၊ ထူးသံစဉ်အောင်၏အဘိုးသည် ၇–၁၁–၂၀၀၄ ရက်တွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၉–၁၁–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## မဇာဇာချို
**အထက(၃)မင်္ဂလာတောင်ညွန့်ကျောင်းသူဟောင်း**

**အသက်(၂၆)နှစ်**

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၆၊ အခန်း ၁၁ နေ (ဦးတင်ချို၊ စက်လှေကိုယ်စားလှယ်)–ဒေါ်ဘေဘီစိန်တို့၏ သမီးကြီး၊ မောင်ဖြိုးဝေကွန်း–မအိအိချို၊ မသင်းနန္ဒာစိုး [ပဉ္စမတန်း(က)၊ အထက–၃၊ မင်္ဂလာတောင်ညွန့်]တို့၏ အစ်မသည် ၇–၁၁–၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင်ကွယ်လွန်သွားပါ၍ ၉–၁၁–၂၀၀၄ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ပုလောမြို့နယ်အသင်း(ရန်ကုန်)
### ဒေါ်စန်းပို
**အသင်းဝင်အမှတ်(၇၇၃)**

**အသက်(၅၆)နှစ်**

မော်လမြိုင်မြို့၊ ကွင်းချောင်းရပ်၊ ဆီဆုံလမ်းကြား၊ အမှတ် ၁ နေ ဦးအေးဆွေ၏ဇနီးသည် ၅–၁၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၆–၁၁–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် မော်လမြိုင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။

## ဒေါ်လှလှဝင်း
**အသက်(၄၉)နှစ်**

အမှတ် ၅၄၄၊ ဗိုလ်ဆွန်ပက်လမ်း၊ (၃၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ(ဦးလှတင်–ဒေါ်သန်းစိန်)တို့၏သမီး၊ (ဦးသက်တင်)၏ဇနီး၊ ဦးသန်းထိုက်–ဒေါ်တင်စန်းရီ၊ (ဦးကျော်လှ)–ဒေါ်သန်းမေ၊ ဦးအေးအောင်၊ (ဦးမြမင်း)–ဒေါ်ဆွေဆွေမာတို့၏ညီမ၊ ဦးထွန်းထွန်းအောင်–ဒေါ်သန်းသန်းဦး၊ ဒေါ်အေးအေးမြင့်–ဦးဖိုးကူး၊ (ဦးသက်နိုင်ထွန်း)–ဒေါ်ဉမ္မာ၊ ဒေါ်ချိုမာ–(ဦးဖိုးထူး)တို့၏အစ်မ၊ မောင်သက်ခိုင်၊ မောင်သက်နိုင်၊ မောင်သက်ပိုင်–မမြတ်ဆုဝင်း၊ မသဲစုအေး၊ မချောစုအေးတို့၏မိခင်၊ မောင်ဟန်ပိုင်ဝင်း၏အဘွားသည် ၅–၁၁–၂၀၀၄ရက် ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၇–၁၁–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဆွမ်း ဒါယကာကြီး
## ဦးချစ်မောင် (B.A, Dip, Ed.)
**အထက်တန်းကျောင်းအုပ်ဆရာကြီး(ငြိမ်း)**

**(အထက–၁၊ ပခုက္ကူ၊ အထက–၂၊ ပခုက္ကူ)**

**မြို့နယ်ပညာရေးမှူး(ငြိမ်း)**

**(ရေစကြို၊ ဆိတ်ဖြူ)**

**အသက်(၈၁)နှစ်**

ပခုက္ကူမြို့နေ (ဦးပိုးခင်–ဒေါ်လှခင်)တို့၏သား၊ (ဦးကျော်လှ–ဒေါ်မြိုင်)တို့၏သားသမက်၊ (ဒေါ်ဒေါ်ပု)၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးဝင်းအောင်–ဒေါ်စန်းစန်းရီ၊ ဦးမျိုးမြင့်မောင်–ဒေါ်မြင့်မြင့်ခင်၊ ပခုက္ကူမြို့နေ ဦးသန်းဝင်း–ဒေါ်နွယ်နီချစ်တို့၏ဖခင်၊ ပြည်မြို့နေ (ဦးသန်း)–ဒေါ်သန်းညွန့်၊ မုံရွာမြို့နေ ဦးထွန်းအောင်ကျော်–ဒေါ်ခင်မြဆွေ၊ မန္တလေးမြို့နေ ဦးစိန်ဝင်း–ဒေါ်မြစိမ်းတို့၏အစ်ကိုကြီး၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၅–၁၁–၂၀၀၄ရက် (သောကြာနေ့) နံနက် ၂း၁၀ နာရီတွင် ပခုက္ကူမြို့ အောင်တော်မူစွန်သိုက်ရပ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆–၁၁–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ပခုက္ကူမြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

## ဦးကျော်သန်း(ခ)ဦးမောင်မောင် (ပြင်ဦးလွင်)
**မြို့လယ်ရွှေစည်းခုံဂေါပကအဖွဲ့ဒုဥက္ကဋ္ဌ၊**

**(၈)ကွက်သာရေးနာရေးဥက္ကဋ္ဌ၊**

**ပြင်ဦးလွင်မထသဘဏ္ဍာရေးမှူး၊စုပေါင်းကားအသင်းဥက္ကဋ္ဌ**

**အသက်(၆၈)နှစ်**

နောင်ချိုမြို့နေ (ဦးဝိလိန်၊ ဘီအိုစီကိုယ်စားလှယ်ဟောင်း–ဒေါ်ထွန်းတင်၊ ကျောင်းအုပ်ဆရာမကြီး)တို့၏သားကြီး၊ ပြင်ဦးလွင်မြို့၊ ရွှေစည်းခုံရပ်၊ (၈)ကွက်၊ ၄၃လမ်း၊ အမှတ် ၁၃နေ ဒေါ်စိန်စိန်၏ခင်ပွန်း၊ မန္တလေးမြို့နေ ဦးကိုကိုကြီး (ဒေါ်ဦးသနပ်ခါး)–ဒေါ်သဇင်ဌေး(ဒေါ်ဦးသနပ်ခါး)၊ ဒေါ်ခင်အုန်းမြင့်(ကျောင်းအုပ်၊အလက–၁၊ ပြင်ဦးလွင်)၊ ဦးရဲလွင်အောင်(ညွှန်ကြားရေးမှူး၊ အခည–၃)–ဒေါ်ဝါဝါသန်း(အထက–၁၊ ဒဂုံ)၊ ဒေါ်ညွန့်ညွန့်သန်း၊ ဦးစိုင်းမင်းသန့်(Pro Computer)–ဒေါ်အင်ကြင်းခိုင်(Pro Computer)၊ ဗိုလ်ကြီးလင်ဗိုလ်နောင်–ဒေါ်ချောအိအိသန်း(နည်းပြ၊ ဥပဒေဌာန၊ မော်လမြိုင်တက္ကသိုလ်)တို့၏ဖခင်၊ မောင်ပြည့်စုံဦး၊ မမေသွယ်ဦး၊ မချမ်းငြိမ်းစု၊ မဆုသီရိ၊ မစုမြတ်လင်း၊ မောင်ရဲဝင့်မြတ်တို့၏အဘိုးသည် ၇–၁၁–၂၀၀၄ရက် နံနက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉–၁၁–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ပြင်ဦးလွင်မြို့ ရှစ်မိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်သန်း(ခ)ဦးမောင်မောင် (ပြင်ဦးလွင်)
**အသက်(၆၈)နှစ်**

အမှတ်(၃)အခြေခံပညာဦးစီးဌာန(ရန်ကုန်မြို့တော်)မှ ညွှန်ကြားရေးမှူး(စီမံ၊ ဘဏ္ဍာ) ဦးရဲလွင်အောင်–ဒေါ်ဝါဝါသန်း(အထပြ၊ အထက–၁၊ ဒဂုံ)တို့၏ ချစ်လှစွာသောဖခင် ဦးကျော်သန်းသည် ၇–၁၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်ရုံးချုပ်ဝန်ထမ်းများ၊**
**အမှတ်(၃)အခြေခံပညာဦးစီးဌာန(ရန်ကုန်မြို့တော်)။**

## ဒေါ်စောတင့် (ပခုက္ကူ)
**အသက်(၉၇)နှစ်**

ပြည်မြို့၊ အမှတ် ၂၂၊ ကုန်သည်လမ်း၊ ကျောင်းကြီးရပ်ကွက်နေ(ဦးအောင်ဇံ)၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ် ၈၄၊ ဗိုလ်ချုပ်လမ်း၊ ဒုတိယထပ်နေ ဒေါက်တာတင်အောင်မြင့်သိန်း – ဒေါ်တင်တင်အောင်တို့၏မိခင်၊ မသီရိအောင်၊ မောင်ခိုင်မင်းအောင်၊မခိုင်ဝတ်ရည်အောင်တို့၏အဘွားသည် ၅–၁၁–၂၀၀၄ရက် ည ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၁၁–၂၀၀၄ရက် ညနေ ၃ နာရီတွင် ပြည်မြို့ ကံသာဦးသုသာန်သို့ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဒေါ်ခင်ခင်စိုး
**ဒုရဲအုပ်၊စခန်းမှူး၊သတင်းတပ်ဖွဲ့(ငြိမ်း)**

**အသက်(၈၀)**

ကြည့်မြင်တိုင်မြို့နယ်၊ ညောင်ပင်လမ်း၊ အမှတ် ၃၇ နေ(ဦးစီ–ဒေါ်ဒွန်းငွေ)တို့၏သမီး၊ (ဦးခင်ထွေး)၏ဇနီး၊ ဒေါ်ဖြူဝင်းစီ(ကြည့်မြင်တိုင် သ/မ)တို့၏ မိခင်သည် ၆–၁၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၁၁–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## မဇာဇာချို
**အထက(၃)မင်္ဂလာတောင်ညွန့်ကျောင်းသူဟောင်း**

**အသက်(၂၆)နှစ်**

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၆၊အခန်း ၁၁ နေ (ဦးဘသန်း–ဒေါ်စိန်သင်)၊ (ဦးကျင်စိန်–ဒေါ်လှရွှေ)တို့၏ မြေး၊ (ဦးတင်ချို၊ စက်လှေကိုယ်စားလှယ်)–ဒေါ်ဘေဘီစိန်တို့၏သမီးကြီး၊ မောင်ဖြိုးဝေကွန်း–မအိအိချို၊ မသင်းနန္ဒာစိုး [ပဉ္စမတန်း(က)၊ အထက–၃၊ မင်္ဂလာတောင်ညွန့်]တို့၏အစ်မ၊ ဦးသိန်းရွှေ(မန်နေဂျာ၊ ဘတ်ဂျက် ကုန်သွယ်လယ်ယာ၊ အင်္ဂပူမြို့နယ်)–ဒေါ်ကြည်ကြည်ဝင်း၊ ဦးမျိုးလှ–ဒေါ်သန်းနွဲ့၊ ဦးကျော်ဝင်း(လမ်းမတော်သမဦးစီး)–ဒေါ်လှလှရီ(သမဦးစီးရုံးချုပ်)၊ ဦးအောင်ခိုင်–ဒေါ်အုန်းကြည်၊ ဦးကျော်သင်း (စက်လှေကိုယ်စားလှယ်)–ဒေါ်စောပု၊ ဦးကံပေါ်–ဒေါ်ခင်မော်မော်၊ ဦးမောင်မောင် (လုံခြုံရေးမှူး၊ သိမ်ကြီးဈေး၊ အီးရုံ)၊ (မထွေးထွေး)(Summit Parkview Hotel)၊ ဦးထွေးမြင့်(ခ)အိနိုင် (စက်လှေကိုယ် စားလှယ်)တို့၏တူမ၊ ကျော်မင်းဦး–မခင်မေကြိုင်၊ (မောင်သက်နိုင်ဦး)၊ ဂျင်မီကျော်ကျော်ဝင်း၊ နေမျိုးအောင်၊ ဇော်ရဲခေါင်၊ မမြတ်ကေခိုင်၊ ချမ်းမြေ့ကေခိုင်၊ မောင်သိန်းထွန်းစိုး၊ မစုစုကြည်၊ မောင်မင်းသက်ခိုင်၊ မောင်ကျော်ဇေယျ–မဝင့်ဝင့်ဖြိုး၊ မောင်သူရ၊ မခင်သီရိမော်တို့၏အစ်မ၊ညီမ၊ မသက်မူးနေဇင်တို့၏အဒေါ်သည် ၇–၁၁–၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၉–၁၁–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ကိုအောင်သူ (တောင်ကုတ်)
**(သုဝဏ္ဏမြို့)**

**အသက်(၃၇)နှစ်**

သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ ကောက်လျင်လမ်းသွယ် ၂၊တိုက် ၁၆၃၊ အခန်း ၁ နေ (ဦးဘထွန်း)–ဒေါ်သိန်းရွှေတို့၏ သား၊ဦးခင်မောင်ညွန့်–ဒေါ်တင်တင်ဝင်း(ခ)မေပုလဲ(ပုလဲကျန်းမာရေးဌာန၊ သုံးခွမြို့နယ်)၊ (ကိုသန့်စင်)တို့၏ညီ/မောင်၊ ကိုကျော်နိုင်ထွန်း – မကြည်ကြည်ဌေး၊ ကိုဇော်ထွန်းတို့၏အစ်ကို၊ မခိုင်ဆုဝေ၊ မသင်းနွယ်အောင်၊ မောင်ရဲရင့်အောင်တို့၏ဦးလေးသည် ၆–၁၁–၂၀၀၄ရက် (စနေနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၁၁–၂၀၀၄ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ဒေါ်မြင့်မြင့်အုန်း
**B.A, Law. LL.B**

**(ဦးစီးအရာရှိ၊တရားရုံးချုပ်)**

**အသက်(၄၈)နှစ်**

ဦးဘိုးမြိုင်–ဒေါ်ခင်ယုံတို့၏သမီး၊ တာမွေမြို့နယ်၊ကျောက်မြောင်း၊စိတ္တသုခလမ်း၊အမှတ် ၃၀(ရှစ်လွှာ)နေသည် ၇–၁၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၉–၁၁–၂၀၀၄ရက်မွန်းလွဲ၂း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးသွင်အေး (ဓာတ်ပုံ)
**သတင်းထောက်မှူး(ငြိမ်း)ကြေးမုံသတင်းစာတိုက်**

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၇၀ (ခြောက်လွှာ)နေ (ဦးတင်မောင်–ဒေါ်စောကျင်)တို့၏သား၊ (ဦးစိန်–ဒေါ်ခင်အေးနွယ်) ဒေါ်အေးတင်တို့၏သားသမက်၊ (ဒေါ်တင်တင်ရီ)၏ခင်ပွန်း၊ (ဦးသိုက်ထွန်း–ကြေးမုံ–ဒေါ်ညွန့်)၊ ဦးကျော်ဌေး–ဒေါ်သန်းသန်းဆွေ၊ ဦးလှမြင့် (ညွှန်မှူး–စီမံ၊ ငြိမ်း၊ ဆေး/သုဦးစီးဌာန၊ အုပ်ချုပ်ရေးနှင့် HR Manager, MGS)–ဒေါ်မြင့်မြင့်သန်းတို့၏မောင်၊ ဦးဉာဏ်ဝင်းထွန်း–ဒေါ်မီမီသွင်၊ ဦးမောင်မောင်သွင်–ဒေါ်တင်တင်ဦး(ပုံနှိပ်–ရှင်း)၊ ဦးကျော်ကျော်နိုင်(အာရှနေဘဏ်)–ဒေါ်ညိုမီသွင်(အာရှနေဘဏ်၊ ရုံးချုပ်)တို့၏ဖခင်၊ မဖြိုးရတနာသွင်၊ မဇာခြည်သွင်တို့၏ ဘိုးဘိုးကြီးသည် ၇–၁၁–၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက် ၄း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၉–၁၁–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
## ဦးမင်းဇော် (Stanley San Ye)
**စုံစမ်းရေးမှူး (ငြိမ်း၊ စစစ)**

**M.D (Esteem Co., Ltd.)**

**အသက်(၅၃)နှစ်**

၃၁–၁၀–၂၀၀၄ရက်က ကွယ်လွန်သွားခဲ့သော ဦးမင်းဇော် နာမကျန်းဖြစ်စဉ်က ပြုစုကုသပေးကြသော ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ဈာပနကိစ္စအဝဝတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးကြသော ချစ်သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများ၊ ကိုယ်တိုင်မလာရောက်နိုင်ကြသဖြင့် ဝမ်းနည်းကြောင်းကို နည်းအမျိုးမျိုးဖြင့် နှစ်သိမ့်အားပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါ်ဘူဒီ
**(ဆိပ်ကြီးခနောင်တိုမြို့)**

**အသက်(၈၂)နှစ်**

ဆိပ်ကြီးခနောင်တိုမြို့၊ ဆိပ်ကြီးအနောက်ရပ်ကွက်၊ အမှတ် ၂၆၆၊ ဗဟိုလမ်းနေ (ဦးရာရှစ်)၏ဇနီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မာလာနွယ်လမ်းနေ ဦးဘာဘူလေး(ခ)ဦးမောင်စိန်–ဒေါ်အရှာဘီတို့၏အစ်မ၊ မခင်တီ၊ ကိုမောင်တူ၊ကိုဟာရှင်–မဘာလီ၊မမွန်နီ၊ မခင်အေးမူ၊ ကိုအောင်ကျင်–မခင်ပြုံးရီ၊ ကိုချိုတူး–မချိုချိုစန်း၊ ကိုဝင်းနိုင်–မနီနီလှိုင်တို့၏မိခင်၊မမြင့်မြင့်၏အဒေါ်၊ မြေး ၁၄ယောက်တို့၏အဘွားသည် ၂၆–၁၀–၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၅း၃၀နာရီတွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွာရ်နမာအပြီး ညနေ ၄း၃၀ နာရီတွင် ဆိပ်ကြီးအနောက်ဂျာမာဗလီဝတ်ပြုကျောင်းတော်တွင် ဇနာဇာနမာဇ်ပတ်ပြီး ဆိပ်ကြီးခနောင်တိုမြို့ လေသာကွင်း ကဘာရ်စတန်တွင် ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယိကာမကြီး
## ဒေါ်စောယဉ် (ဒလမြို့)
**(သတင်းစာကိုယ်စားလှယ်)**

**အသက်(၈၆)နှစ်**

(ဦးသာဖူး–ဒေါ်အေးညွန့်)တို့၏သမီးကြီး၊ တာမွေမြို့နယ်နေ (ဦးလှရှိန်)–ဒေါ်တင်တင်၊ ရန်ကုန်မြို့၊ ၄၈လမ်းနေ ဦးစံထွန်း–ဒေါ်တင်မြင့်၊ ဒလမြို့နေ (ဦးအောင်သန်း) – ဒေါ်ထားရင်တို့၏အစ်မကြီး၊ တူ တူမ ၂၅ယောက်တို့၏ကြီးကြီး၊မြေး ၁၆ယောက်တို့၏ဘွားဘွားကြီး၊ အမှတ် ၃၃၊ နှင်းဆီမြိုင်လမ်း၊ မြို့မ(၂)ရပ်ကွက်၊ ဒလမြို့နေ ဒေါ်စောယဉ်သည် ၇–၁၁–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉–၁၁–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ဒလမြို့ သပြေကုန်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဦးထွန်း
**မော်ကွန်းရပ်ရှင်(ငြိမ်း)**

**အသက်(၇၄)နှစ်**

ညောင်လေးပင်မြို့နယ်၊ ပုဇွန်မြောင်ကျေးရွာနေ (ဦးစံရွှေ–ဒေါ်စိမ်းမြ)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၁၀၉၊ အခန်း ၈၊ အနော်ရထာလမ်း၊ အမှတ်(၁)ရပ်ကွက်၊ပုဇွန်တောင်မြို့နယ်နေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဒေါ်သန်းကြည် (ပုဇွန်မြောင်)၏အစ်ကို၊ဦးဝင်းမော်–ဒေါ်မာမာ၊ ဒေါ်နိုင်နိုင်မော်၊ ကိုနိုင်ဝင်း၊ ကိုအောင်မိုး၊ ကိုသုတ၊ ကိုဆန်းဝင်းတို့၏ဖခင်၊ မမေပွင့်ဖြူဝင်း၊ မယဉ်မြတ်သွယ်တို့၏အဘိုးသည် ၆–၁၁–၂၀၀၄ရက် (စနေနေ့) ည ၈း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၈–၁၁–၂၀၀၄ရက် (တနင်္လာနေ့)ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး
## ဦးကျင်စွမ့်(ခ)ဦးစွမ် (မြိတ်)
**အသက်(၆၇)နှစ်**

မြိတ်မြို့၊ နောက်လယ်ရပ်၊ အမှတ် ၁၈၅၊ ၄လမ်းနှင့်ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ ၂လမ်း၊ အမှတ် ၄၈/၈(ပထပ်)နေ(ဦးထုံရှင်–ဒေါ်ရှို့)တို့၏သား၊ (ဦးဂွမ်ဟုန်)–ဒေါ်တင်ကြည်တို့၏သားသမက်၊ ဒေါ်ဖွားမြင့်၏ခင်ပွန်း၊ မစန်းစန်းလှ၊ မစန်းစန်းဝင်း၊ ကိုသက်ဝင်း–မခင်ခင်မိုး(ခ)မနီနီ၊ မခင်ခင်မျိုး(ခ)မနီတွတ်၊ မဌေးဌေးဆွေ(ခ)ခိုင်သဇင်ဦးတို့၏ဖခင်၊မောင်ဝေယံမိုးခန့်တို့၏အဘိုးသည် ၅–၁၁–၂၀၀၄ရက် ညနေ ၄း၁၀ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၉–၁၁–၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်နှင့်မြိတ်အသင်းမှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးကုလား
**အသက်(၆၆)နှစ်**

ဝေါမြို့နယ်၊ လေးအိမ်စုကျေးရွာနေ ဦးပဏ္ဏဝ၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဦးကျော်ထွန်း–ဒေါ်အုံးကြည်၊ ဦးလှအောင်တို့၏တူ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၅)ရပ်ကွက်၊ အမှတ် ၇၁၄၊ မြဝတ်ရည်လမ်းနေ ဒေါ်ညွန့်ညွန့်သန်း၏ခင်ပွန်း၊ ကိုဝင်းကြိုင်၊ ကိုကျင်ဆွေ–မသက်သက်အောင်၊ ကိုဆွေအေး–မပပမြိုင်၊ ဦးဇင်းဇနေယျ၊ မောင်ညီဌေး၊ မောင်နီလာဝင်း၊ မောင်အောင်မျိုးထိုက်တို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၆–၁၁–၂၀၀၄ရက်၌ ကွယ်လွန်သွားပါ၍ ၈–၁၁–၂၀၀၄ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဗိုလ်ဆန်းမင်းသိန်း
**(အင်ဂျင်နီယာအရာရှိ)**

**ရေ–၄၁၃၀**

**တပ်မတော်(ရေ)**

**အသက်(၃၄)နှစ်**

စစ်ကိုင်းမြို့၊ပိုးတန်းရပ်၊ပုလဲတန်းလမ်းနေ ဦးမြတ်မင်း–ဒေါ်ခင်တင့်တို့၏သားကြီး၊ ဒေါ်စိမ်းစိမ်းမင်း(မြို့နယ်မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မတ္တရာဘဏ်ခွဲ)၊ ဦးတင့်မင်းထွေး–ဒေါ်မူမူသင်းတို့၏အစ်ကိုကြီး၊ ချစ်ရည်ရွှန်းလဲ့၏ဦးလေးသည် ၁–၁၁–၂၀၀၄ရက် (တနင်္လာနေ့)ည ၇း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၁၁–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ဒေါ်မြရှိ
**အသက်(၉၃)နှစ်**

မန္တလေးမြို့၊ ပိုက်ကျုံးရပ် (ဦးလှ–ဒေါ်တော်)တို့၏သမီး၊ (ဦးဘသန်း–ဒေါ်နွဲ့)တို့၏သမီးချွေးမ၊ (ဦးကိုကြီး)၏ဇနီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရတနာမွန်အိမ်ရာ၊ တိုက် ၃(ခ)၊ အခန်း ၁၀၇နေ ဦးကျော်ညိန်း(ဒုညွှန်မှူး၊ ငြိမ်း၊ ဘခရ)–ဒေါ်ခင်စိန်းလွင်(ခ)Selma Ko Gyi တို့၏မိခင်ကြီး၊ ဒေါ်သက်သက်ဝင်း(အထက–၃၊ ကမာရွတ်)၊ ဦးမောင်မောင်လွင်–ဒေါ်မိုးမမျိုး(Petronas)၊ ဦးတင်မောင်အေး–ဒေါ်ခိုင်မမတို့၏မေမေကြီး၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၆–၁၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၁၁–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယကာ
## ဦးမြသန်း (အိုင်သပြု)
**အသက်(၈၈)နှစ်**

ဟင်္သာတခရိုင်၊အိုင်သပြုကျေးရွာနေ (ဦးအောင်မြင့်–ဒေါ်စောခင်)တို့၏သား၊ ရန်ကုန်မြို့၊ဦးဝိစာရအိမ်ရာ၊ တိုက် ၁၇၊ အခန်း ၆ နေ (ဒေါ်လှဝင်း)၏ခင်ပွန်း၊ ဦးကျင်အုန်း–မတင်နု၊ ဦးစိုးတင်–မမွေးကြူ၊ (ဗိုလ်သန်းဝင်း)–မသန်းသန်းလှ၊ ဦးမောင်စန်း(မွေး/ရေ)–မသန်းသန်းဝေ၊ ဦးခင်ဝင်း (Uniteam)–မစန်းစန်းနု၊ မစန်းစန်းမြင့်၊ကိုမျိုးဝင်း၊မစန္ဒာ၊ဦးသန်းညွန့်(Golden-eagle)–မလှလှသန်း၊ ကိုလှမော်–မသီတာတို့၏ဖခင်၊မြေး ၁၅ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၇–၁၁–၂၀၀၄ရက် နံနက် ၁း၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉–၁၁–၂၀၀၄ရက် (အင်္ဂါနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်တင်နု (ဝေါ၊ မြစ်ကြီး)
**အသက်(၈၂)နှစ်**

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ ပုဂံရွာနေ (ဦးထွန်းရင်–ဒေါ်ငွေရင်)တို့၏ သမီး၊ (ဦးအေး) – ဒေါ်သန်းစိန်တို့၏ ညီမ၊ ရန်ကုန်မြို့၊ ရေကျော်လမ်း၊ အမှတ် ၂၉ နေ ဦးခင်ကြည်–(ဒေါ်မြကြည်)၊ ပဲခူးမြို့၊ ပန်းလှိုင် ၂၄ လမ်းနေ (ဦးဘဌေး)–ဒေါ်တင်မြ၊ ပဲခူးမြို့၊ မော်ကန် ၂ လမ်းနေ ဦးကြည်ဝင်း–ဒေါ်စန်းရင်တို့၏အစ်မကြီး၊ မြစ်ကြီးမြို့နေ ဦးခင်ညွန့်၏ဇနီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၅)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၄၃၃ နေ ဦးကြည်စိုး (မြန်မာ့အလင်းပုံနှိပ်တိုက်)–ဒေါ်ရင်မြ (စာပေဗိမာန်)၊ မြစ်ကြီးမြို့နေ ဦးဝင်းမြင့်၊ ဒေါ်ရင်မြင့်၊ မဝင်းဝင်းမော်တို့၏မိခင်သည် ၆–၁၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈–၁၁–၂၀၀၄ရက် (တနင်္လာနေ့)တွင် မြစ်ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယိကာမကြီး
## ဒေါ်သန်းသန်း
**B.Sc (Phy)**

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နွယ်နီလမ်း၊ အမှတ် ၃၂၊လေးလွှာ(ဘယ်)နေ(ဦးမောင်မောင်–ဒေါ်တင်တင်)တို့၏ သမီးကြီး၊ (ဦးအပိုက်)ဇနီး၊ ဦးအောင်တင်ဦး၊ ဒေါ်တင်ရီ(ခ)ဘေဘီ–ကိုသန်းဦးတို့၏ အစ်မကြီး၊ မသူဇာစိုး–ကိုဇော်လင်းထွန်း (Mectornic)၊ ကိုငွေစိုးအောင်–မဇင်မာလွင်၊ ကိုထိန်လင်းအောင်–မဝေလင်းမော်၊ ကိုငွေဖြိုးအောင်–မငြိမ်းငြိမ်းရှိန်၊ မစန္ဒီအောင်(Final Eco)တို့၏မိခင်၊ မအိရွှေစင်၊ မောင်အောင်စစ်ဇော်၊ မအေးချမ်းပို၊မမေသဲခိုင်တို့၏အဘွား၊တူ တူမလေးယောက်တို့၏အဒေါ်သည် ၇–၁၁–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၉–၁၁–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃–၁၁–၂၀၀၄ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488**

8-11 (19).p65 1 3/24/05, 6:31 PM





## မြို့တော်ရန်ကုန် မြင်ကွင်းအလှ

ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ မြို့တော် အင်္ဂါရပ် များနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သာယာလှပစေရန် ဘက်စုံထောင့်စုံမှ အဆင့်မြှင့်မွမ်းမံတည်ဆောက်လျက်ရှိရာ သန့်ရှင်းသပ်ရပ်နေသော မြို့တော်ရန်ကုန်၏အချက်အချာကျရာ ဆူးလေစေတီတော်၊ သမိုင်းဝင်လွတ်လပ်ရေးကျောက်တိုင်နှင့် မြို့တော်ခန်းမတစ်ဝိုက် အဆင့်မြှင့်မွမ်းမံတည်ဆောက်ထားမှု မြင်ကွင်းအဖုံဖုံကို နိုဝင်ဘာ ၇ ရက်က ဤသို့ခံ့ညားထည်ဝါစွာ တွေ့ရသည်။

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား



### အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်ဘီဂယ်–၂

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်ရှိ ဘီဂယ်–၂ယာဉ်မှ လေအိတ်သုံးလုံးကို တွေ့ရစဉ်။ **(အပေါ်ပုံ)** အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် လေ့လာရေးပြုလုပ်ရန်အတွက် ဘီဂယ်–၂ လေ့လာရေးယာဉ်ကို လွှတ်တင်ခဲ့ရာ အောင်မြင်စွာရောက်ရှိခဲ့ပြီး လေ့လာမှုများဆက်လက်ပြုလုပ်ရန် လိုအပ်သည့်ပြင်ဆင်မှုများလုပ်ဆောင်လျက်ရှိသည်။ **အေအက်ဖ်ပီ။**

### ဒင်္ဂါးပြားပန်းချီ



အိန္ဒိယအနုပညာရှင်တစ်ဦးက ဒင်္ဂါးပြားတစ်ခုပေါ်တွင် ဖန်တီးထားသော ရုပ်ပုံတစ်ခုကို ပြသနေစဉ်။**(ယာပုံ)**

အိန္ဒိယနိုင်ငံ ဆီလီဂူရီမြို့တွင် ရှားပါးထူးခြားသော ဒင်္ဂါးပြားတစ်ခုနှင့် ယင်းဒင်္ဂါးပြားပေါ်တွင် ပန်းချီရုပ်ပုံများပါရှိသော ဒင်္ဂါးပန်းချီတစ်ခုကို ပြည်သူများအား ပြသထားရာ ယင်းဒင်္ဂါးပြား၏ သက်တမ်းကို သုတေသနပညာရှင်များ အတိအကျသိရှိရန် အသေးစိတ်လေ့လာလျက်ရှိသည်။ **ရိုက်တာ။**



(၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာဝူရှူးလက်ရွေးစင်ဆွေဆွေသန့် ဤသို့ လေ့ကျင့်လျက်ရှိသည်။ (မြန်မာ့အလင်း)

## အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ မြန်မာနိုင်ငံ၌ကျင်းပမည် အိမ်ရှင်မြန်မာအသင်း အားကစားသမား ၂၄ဦးလေ့ကျင့်နေ

ရန်ကုန် နိုဝင်ဘာ ၇

**၂၀၀၄ခုနှစ် နိုဝင်ဘာ ၂၀ရက်မှ ၂၈ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် အိမ်ရှင်မြန်မာဝူရှူးလက်ရွေးစင်အသင်းသည် အားကစားသမား ၂၄ဦးကို လေ့ကျင့်ပေးလျက်ရှိသည်။**

အိမ်ရှင်မြန်မာဝူရှူးအသင်းသည် ယခုပြိုင်ပွဲသို့ ထောက်လုကစားသမား ၁၂ဦး၊ ဆန်းဆိုကစားသမား ၁၂ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ရန်လေ့ကျင့်ပေးလျက်ရှိသော ကစားသမားများမှာ ထောက်လု(အမျိုးသား) ပြည့်ဝေဖြိုး၊ ဇော်ဇော်မိုး၊ အောင်စည်သူ၊ နေလင်းစိုး၊ မျိုးမင်းစိုး၊ (အမျိုးသမီး) ခိုင်ခိုင်မော်၊ ဆွေဆွေသန့်၊ ကေသီမော်၊ အိခိုင်ထွေး၊ နှင်းယုဇံတို့ဖြစ်ကြပြီး ဆန်းဆို(အမျိုးသား) မင်းမင်းထွန်း(၅၂ကီလို)၊ မောင်မောင်သန်း(၅၆ကီလို)၊ စောခိုင်(၆၅ ကီလို)၊ အောင်ဆန်းယု(ကီလို၆၀)၊ စသာငွေး(၇၅ကီလို)၊ စိုင်းကို(၄၈ကီလို)၊ ခင်မောင်ထွေး(ကီလို၇၀)၊ အမျိုးသမီးဆွေဝင့်(၄၅ကီလို)၊ သဉ္ဇာစိုး(၄၈ကီလို)၊ စီစီစိန်(၅၂ကီလို)၊ စိုးယုနိုင်(ကီလို၆၀)နှင့်မိုးဝါ(၅၆ကီလို)တို့ ဖြစ်ကြသည်။ ယင်းကစားသမားများကို တရုတ်နည်းပြဆရာများနှင့် လေ့ကျင့်လျက်ရှိရာ ထောက်လုကစားသမားများကို Mrs.Han Jing၊ Mrs. Liang Xia Kul၊ Mr. Xu Zhou၊ ဆန်းဆိုကစားသမားများကို နည်းပြချုပ် Mr.Wang Shiying နှင့် လက်ထောက်နည်းပြ Mr.Hu Guan Chao တို့က လေ့ကျင့်ပေးလျက်ရှိသည်။ *စာမျက်နှာ ၁၃ ကော်လံ ၁* ■



(၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ကြမည့် မြန်မာဝူရှူးလက်ရွေးစင်ညီအစ်မနှစ်ဦးဖြစ်ကြသည့် အစ်မ ဖြစ်သူခိုင်ခိုင်မော်က ညီမဖြစ်သူကေသီမော်အား ဤသို့ သင်ကြား ပြသလေ့ကျင့်လျက်ရှိသည်။ (မြန်မာ့အလင်း)